# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း မရှိ၊ ငြိမ်သက်သော ဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၆)


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၆ ရက် | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၈)၊ အမှတ် (၀၇၄)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားအဆင့် အနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံတွင် အမှာစကားပြောကြား



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားအဆင့် အနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံ - ၂၀၁၈ တွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

**"ခွဲခြားဆက်ဆံမှုပပျောက်ဖို့ ဝိုင်းဝန်းလက်တွဲဆောင်ရွက်စို့"** ခေါင်းစဉ်ဖြင့် အမျိုးသားအဆင့် အနာကြီးရောဂါတိုက်ဖျက်ရေး ညီလာခံ - ၂၀၁၈ ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန- ၂ ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။

### ပညာပေးလုပ်ငန်းများဆောင်ရွက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအနက် အဓိက ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းမှာ အနာကြီးရောဂါဖြစ်ပွားသူများနှင့် ယင်းတို့၏ မိသားစုဝင်များကို ခွဲခြားဆက်ဆံခြင်းများ လျော့နည်းပပျောက်သွားအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ခွဲခြားဆက်ဆံခံရမှုများကို ယနေ့အထိ တွေ့ရှိနေရပြီး အနာကြီးရောဂါဖြစ်ပွားသူ လူနာ၏ နေ့စဉ်ဘဝနေထိုင်မှုများအပေါ် သက်ရောက်မှုရှိနေသည့်အတွက် လူမှုရေးအမြင်များကို ပြန်လည်တည့်မတ်ပေးရန် ပြည်သူများအတွင်း အနာကြီးရောဂါကူးစက်ပုံ၊ ဖြစ်ပွားပုံနှင့် ပတ်သက်သည့် မှန်ကန်သော အသိများရရှိအောင် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

အနာကြီးရောဂါ မကူးစက်နိုင်သည့် နည်းလမ်းများနှင့် ပတ်သက်သည့်အသိများ တိုးပွားအောင် ပညာပေးခြင်းဖြင့် အနာကြီးရောဂါဖြစ်ပွားသူနှင့် ၎င်းတို့၏ မိသားစုဝင်များသည် လူမှုပတ်ဝန်းကျင်တွင် ပါဝင်နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ အနာကြီးရောဂါလူနာနှင့် မိသားစုဝင်များကို


*စာမျက်နှာ ၃ ကော်လံ ၁* ✻


> **“အနာကြီးရောဂါ မကူးစက်နိုင်သည့် နည်းလမ်းများနှင့် ပတ်သက်သည့် အသိများတိုးပွားအောင် ပညာပေးခြင်းဖြင့် အနာကြီးရောဂါ ဖြစ်ပွားသူနှင့် ၎င်းတို့၏ မိသားစုဝင်များသည် လူမှုပတ်ဝန်းကျင်တွင် ပါဝင်နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်သွားကြရမည်ဖြစ်”**




မြန်မာ့အလင်း

# ရိုးရာယဉ်ကျေးမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှု

ရက်ကန်းလုပ်ငန်းသည် ရှေးကျသော လက်မှုအတတ်ပညာတစ်မျိုးဖြစ်ပြီး ရိုးရာယဉ်ကျေးမှုနှင့် ဆက်နွှယ်နေသော လက်မှုအတတ်ပညာ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုတို့၌ ရိုးရာရက်ကန်းလက်မှုအတတ်ပညာကိုယ်စီ ပိုင်ဆိုင်ကြပါသည်။ အပေါ်ယံကြည့်ပါက ရက်ကန်းလက်မှုပညာထိန်းသိမ်းရေးသည် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး သက်သက်ဟု ထင်မြင်စရာရှိသော်လည်း ရက်ကန်းလက်မှုအတတ်ပညာ ထိန်းသိမ်းခြင်းသည် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးတို့၏ လူမှုစီးပွားရေးဘဝကို မြင့်မားစေမည် ဖြစ်ပါသည်။

အဆိုပါ သဘောတရားအပေါ်အခြေခံလျက် ရိုးရာရက်ကန်းလုပ်ငန်းအပေါ် အခြေပြုသော လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတစ်ရပ်ကို ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၇၅၀,၀၀၀ ဖြင့် နိုင်ငံတကာအဖွဲ့အစည်းတို့က ပံ့ပိုးကူညီဖော်ဆောင်လျက်ရှိပါသည်။ ဤစီမံကိန်းကို ပူးတွဲအကောင်အထည်ဖော်လျက်ရှိသော နိုင်ငံတကာအဖွဲ့အစည်းတို့မှာ **Turquoise Mountain** ၏ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းဖြစ်သည့် **Myanmar Artisans** နှင့် ဗြိတိသျှအစိုးရ၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန **(Department for International Development - DFID)** တို့ ဖြစ်ပါသည်။

ဤစီမံကိန်းကို အကောင်အထည်ဖော်ရာ၌ ဗြိတိသျှနိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန **(DFID)** ၏ ဓနပံ့ပိုးမှုအစီအစဉ် **(The DaNa Facility)** က ပါဝင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါအစီအစဉ်သည် မြန်မာနိုင်ငံ၌အခြေစိုက်သည့် ပုဂ္ဂလိက တီထွင်ဖန်တီးမှုကို အားပေးသော ပံ့ပိုးမှုအစီအစဉ် ဖြစ်ပါသည်။ အဆိုပါ အစီအစဉ်၏ ပင်မရည်ရွယ်ချက်သည် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလ၌ အစဉ်အလာအားဖြင့် စီးပွားရေးဖွံ့ဖြိုးမှု၏ အသီးအပွင့်ကို ခံစားခွင့်မရရှိခဲ့သည့် ဆင်းရဲချို့တဲ့သူများနှင့် အမျိုးသမီးများကိုအားပေးကူညီရန် ဖြစ်ပါသည်။ **Turquoise Mountain Foundation** အား ဗြိတိသျှဝေလမင်းသားက ၂၀၀၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ရိုးရာလက်မှုအနုပညာတို့ကို ထိန်းသိမ်းခြင်းဖြင့် ကျွမ်းကျင်မှု၊ စီးပွားရေးအခွင့်အလမ်းနှင့် ကိုယ့်ဒေသအပေါ် ဂုဏ်ယူလိုစိတ်တို့ကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။ **Turquoise Mountain Foundation** သည် မြန်မာနိုင်ငံ၌ အမျိုးသမီးများအပါအဝင် ဆင်းရဲချို့တဲ့ သူတို့၏ လူမှုစီးပွားရေးဘဝကို မြှင့်တင်ပေးရန် **Artisans** အစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

အထက်၌ ရည်ညွှန်းတင်ပြထားသည့် စီမံကိန်းကို ကနဦးကာလ၌ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ပိုင်းကာလများ၌ အခြားသော ပြည်နယ်များသို့ပါ တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးအလိုက် အမျိုးမျိုးအဖုံဖုံကွဲပြားသော ရိုးရာအထည်အလိပ်ဒီဇိုင်းမျိုးစုံရှိပြီး ဤစီမံကိန်းကိုသာ အောင်အောင်မြင်မြင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက တိုင်းရင်းသားလူမျိုးစုအလိုက် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့်အတူ သက်ဆိုင်ရာပြည်နယ်တို့၏ လူမှုစီးပွားရေးဘဝ မြှင့်တင်ရေးကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်၍ အဆိုပါစီမံကိန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းအားလုံးကို ဂုဏ်ပြုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## လေဖိအားနည်းရပ်ဝန်း အားကောင်းပြီး မုန်တိုင်းအဖြစ်ရောက်ရှိနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

“စာတတ်သူတိုင်း စာဖတ်ရေး” လှုပ်ရှားမှု

အခမ်းအနား

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၊ နေပြည်တော်

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၀၊ ၂၁) ရက်၊ (ကြာသပတေး၊ သောကြာ) နံနက်(၉)နာရီမှ ညနေ(၅)နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်

**သီပေါ ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် သီပေါမြို့နယ်အတွင်း စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်သူထံသို့ စာအုပ်များလက်ဝယ်အရောက် သွားရောက်ငှားရမ်းပေးခြင်းနှင့် ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒီဇင်ဘာ ၁၁ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဌာနဆိုင်ရာများဖြစ်သော စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် အခွန်ဦးစီးဌာနများသို့ ကွင်းဆင်းသွားရောက်၍ စာအုပ်အသစ်များကို ငှားရမ်းပေးခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများပြန်လည်သုံးသပ်ခြင်းနှင့် အမျိုးသားအဆင့်ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့ ပူးပေါင်း၍ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများ ပြန်လည်သုံးသပ်ခြင်းနှင့် အမျိုးသားအဆင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာ ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော် Hilton ဟိုတယ်၌ ကျင်းပသည်။




အလုပ်ရုံဆွေးနွေးပွဲတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်၏ တိုးတက်မှု ဆောင်ရွက်မှု အခြေအနေများ၊ ဥပဒေမူဘောင်များ ပိုမိုတိုးတက်ခိုင်မာအောင် သုံးသပ်ဆောင်ရွက်ရန်၊ ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲ ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်အောင် အလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကိုယ်စား AML/CFT ဆိုင်ရာ ကျွမ်းကျင်သူပညာရှင် Ms. Francisca Fernando က အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရသည့် အကြောင်းရင်းများ၊ မြန်မာနိုင်ငံ၏ AML/CFT စနစ် ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန် အထောက်အကူပေးမည့် အစီအစဉ်များ၊ မဟာဗျူဟာရေးဆွဲနိုင်ရေး ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး ဆွေးနွေးပွဲသို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူးနှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာနနှင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံရှေ့နေအသင်း၊ မြန်မာနိုင်ငံအိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်း၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၅ ဦးခန့် တက်ရောက်သည်။ အလုပ်ရုံ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်ထောက်ပံ့

**ဒီးမော့ဆို ဒီဇင်ဘာ ၁၂** - ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် မြို့နယ်အတွင်းရှိ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေ ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာများမှအသက်(၈၅)နှစ်နှင့် အထက် သက်ကြီးရွယ်အိုဘိုးဘွား ၁၆၄ ဦးအတွက် တစ်ဦးလျှင် လစဉ်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ယခုသုံးလစာအတွက် စုစုပေါင်းငွေကျပ် သန်း ၄၉.၂၀၀၀၀ ကို လူမှုရေးပင်စင်ထောက်ပံ့ငွေအဖြစ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ထင်သာမြင်သာပြုပြင်စရာ

## နန်းတောင်းကျေးရွာပိုင် သုသာန်မြေ ရောင်းချမှုအပေါ် ပွင့်လင်းမြင်သာစွာရှိစေလို

မွန်ပြည်နယ် သထုံမြို့နယ် တံတားဦးကျေးရွာအုပ်စု ငုတ္တို(ညောင်သာယာ) အ.မ.ကကျောင်းအနီးရှိ ဧက ၁.၅ ရှိသော နန်းတောင်းကျေးရွာပိုင် သုသာန်မြေကို အများသဘောတူခြင်းမရှိဘဲ သုဝဏ္ဏဝတီမြို့လျှပ်စစ်ဓာတ်အားပေး ကော်ပိုရေးရှင်းကို မြေတစ်ဧကရောင်းချမှုအပေါ် ကျေးရွာနေပြည်သူများက ကျေနပ်သဘောတူညီမှုမရှိကြောင်း သိရသည်။

ကျေးရွာတာဝန်ခံတစ်ဦးအပါအဝင် ပြည်သူ ၁၅ ဦးက ရောင်းချရန် သဘောတူကြောင်း လက်မှတ်ရေးထိုး၍ အလျားပေ (၁၅၀ × ၂၉၀) ကို ကျေးရွာဖွံ့ဖြိုးမှုအတွက်ဆိုကာ စက်တင်ဘာ ၅ ရက်က ရောင်းချလိုက်ကြောင်းကို ရောင်းချပြီးမှ သိရှိရ၍ ကန့်ကွက်ကြကြောင်း၊ ထိုသို့ ရောင်းချလိုက်သည့်အတွက် သုသာန်ဝင်ပေါက် ၁၅ ပေခန့်သာ ရှိတော့ကြောင်း၊ သုသာန်မြေကျဉ်းမြောင်းသွား၍ နောင်အချိန်တွင် ပြဿနာများ ဖြစ်ပေါ်လာနိုင်ကြောင်း နန်းတောင်း ကျေးရွာနေသူ တစ်ဦးက ပြောသည်။

တံတားဦးကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ခြောက်ရွာရှိပြီး နန်းတောင်းကျေးရွာတွင် အိမ်ခြေလေးရာကျော်ရှိကြောင်း၊ အဆိုပါ သုသာန်မြေအတွင်း၌ ဒေသခံကျေးရွာသားများ စုပေါင်းပြီး ရော်ဘာပင်များ စိုက်ပျိုးထားကာ ငွေကြေး



အကုန်အကျခံ တည်ဆောက်ထားသော မီးသင်္ဂြိုဟ်စက်နှင့် ဇရပ်တစ်ဆောင် တည်ဆောက်ထားကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

✽ *ရှေ့ဖုံးမှ*

ခွဲခြားနှိမ့်ချဆက်ဆံခြင်းကြောင့် လူနာသစ်ရှာဖွေခြင်း၊ ဆေးကုသမှု ပြီးဆုံးအောင်လိုက်နာခြင်းနှင့် ရောဂါနောက်ဆက်တွဲ ပြဿနာများ ကုသခြင်းတို့ကို အဟန့်အတားဖြစ်သည့်အပြင် လူထုအတွင်း ကူးစက်မှုတားဆီးရေးကို ထိခိုက်စေမည်ဖြစ်သည့်အတွက် မှန်ကန်သော လူမှုရေးအမြင်ကို ရရှိအောင် ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အနာကြီးရောဂါတိုက်ဖျက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် အနာကြီးရောဂါလူနာနှင့် ယင်းတို့၏ မိသားစုဝင်များကို ခွဲခြားဆက်ဆံခံရမှုမရှိဘဲ ပြည်သူလူထုမှ နားလည်လက်ခံပြီး လူ့အသိုင်းအဝိုင်းအတွင်း သိမ်ငယ်မှုမရှိ ပြန်လည်ဝင်ဆံ့လာရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်း လိုပါကြောင်း၊ အနာကြီးရောဂါနှင့် ပတ်သက်သည့် ပတ်ဝန်းကျင်၏ မှားယွင်းသောအသိများကို ပြန်လည်တည့်မတ်ရန်အတွက် ပြည်သူ့နီတိတွင် အသိပညာပေးထည့်သွင်း ဖော်ပြသွားရန် လိုအပ်ပါကြောင်း။

**လက်တွဲပူးပေါင်းဆောင်ရွက်**

နိဂုံးချုပ်အနေဖြင့် အနာကြီးရောဂါတိုက်ဖျက်ရေးအတွက် မှတ်တမ်းတင်ဂုဏ်ယူနိုင်မည့် ညီလာခံကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော တာဝန်ရှိသူများ၊ ဆာဆာကာဝါ ဖောင်ဒေးရှင်း၊ နီပွန်ဖောင်ဒေးရှင်းနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါကြောင်း၊ အနာကြီးရောဂါ ကင်းဝေးရေးအတွက် ဖြစ်ပွားမှုလျှော့ချရေး၊ ခွဲခြားဆက်ဆံခံရမှုများ ပပျောက်ရေးတို့အတွက် အားလုံးဝိုင်းဝန်း လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညီလာခံသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်၍ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အနာကြီးရောဂါ တိုက်ဖျက်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် အသိပညာပေးပြခန်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဇေမြင့်၊ ဦးမင်းသူ၊ ဒေါက်တာမြင့်ထွေးနှင့် ဦးကျော်တင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန်များ၊ နီပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ အနာကြီးရောဂါဆိုင်ရာ ကျွမ်းကျင်မှုဆိုင်ရာ အကြံပေးပညာရှင်အဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တိုင်းရင်းဆေးပညာရှင်များ တက်ရောက်ကြသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားအဆင့် အနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံ- ၂၀၁၈ တွင် ခင်းကျင်းပြသထားသည့် အနာကြီးရောဂါ တိုက်ဖျက်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ ကြည့်ရှုစဉ်။ သတင်းစဉ်

ယင်းနောက် ညီလာခံကို ဆက်လက်ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Ichiro Maruyama နှင့် နီပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr.Yohei Sasakawa တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် လက်ရှိအနာကြီးရောဂါ အခြေအနေ၊ အနာကြီးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းစဉ် တိုးတက်မှု၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ၊ တစ်ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါ အခြေအနေတို့ကို အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Dr. Erwin Cooreman တို့က ရှင်းလင်းတင်ပြကြသည်။

**သတင်းမီဒီယာများအား ရှင်းလင်း**

မွန်းလွဲပိုင်းတွင် ညီလာခံကျင်းပရခြင်းနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ကျင်းပရာ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr.Yohei Sasakawa၊ အမေရိကန်ပြည်ထောင်စု အနာကြီးရောဂါမစ်ရှင်မှ ဒေါက်တာတင်ရွှေ၊ အနာကြီးရောဂါကျွမ်းကျင်မှုဆိုင်ရာ အကြံပေးပညာရှင်အဖွဲ့ဝင် ဒေါက်တာကျော်ညွန့်စိန်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Dr. Erwin Cooreman နှင့် အနာကြီးရောဂါ တိုက်ဖျက်ရေးစီမံချက် မန်နေဂျာ ဒေါက်တာချန်ထွန်းအောင်တို့က မြန်မာနိုင်ငံတွင် အနာကြီးရောဂါ တိုက်ဖျက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် **အနာကြီးရောဂါသည်များကို ခွဲခြားဆက်ဆံမှု မပြုရေး** ခေါင်းစဉ်ဖြင့် မတ္တရာမြို့ ရေနံ့သာအနာကြီးရောဂါ ကုသရေး ဆေးရုံအုပ်ကြီး(ငြိမ်း) ဒေါက်တာမောင်မောင်ကြီးက ဦးဆောင်၍ ဒေါ်သီတာ၊ ဦးစိုးဝင်း၊ ဒေါ်သီတာမြင့်နှင့် ဦးလှဌေးတို့က ၎င်းတို့၏ ဘဝဖြတ်သန်းမှု အတွေ့အကြုံများကို မျှဝေဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးကြသည်။

**တွေ့ကြုံရသည့် စိန်ခေါ်မှုများ ဆွေးနွေး**

ဆက်လက်၍ **အနာကြီးရောဂါထိန်းချုပ်မှု တိုးတက်ရန် လက်များကမ်းလှမ်းကြပါစို့** ခေါင်းစဉ်ဖြင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာ သန္တာလွင်က ဦးဆောင်၍ ဝက်လက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အေးလွင်၊ ကျောက်ပန်းတောင်းမြို့နယ် ဒေါင်းလည်ကျေးလက်ကျန်းမာရေးဌာနခွဲ သားဖွားဆရာမ ဒေါ်နန်းအိလှိုင်၊ ပခုက္ကူမြို့ အနာကြီးရောဂါ စောင့်ရှောက်ရေးမှူး ဦးနိုင်ချို၊ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ကထိက ဦးဝင်းဇော်၊ ပဲခူးမြို့ အထွေထွေရောဂါကုဆရာဝန် ဒေါက်တာ နေမျိုးနှင့် အနာကြီးရောဂါတိုက်ဖျက်ရေး စီမံချက် မန်နေဂျာ ဒေါက်တာချန်ထွန်းအောင်တို့က ကျန်းမာရေးဝန်ထမ်းများ၏ အနာကြီးရောဂါကုသရေးတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အမျိုးသားအဆင့် အနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံ-၂၀၁၈ ကို ဒီဇင်ဘာ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အနာကြီးရောဂါဆိုင်ရာ နေပြည်တော်ကြေညာစာတမ်းကိုလည်း ထုတ်ပြန်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အထူးကိုယ်စားလှယ်တို့သည် နေပြည်တော်တွင် အထူးကိုယ်စားလှယ်၏ ရုံးခန်းဖွင့်လှစ်ရေးကိစ္စ၊ ရခိုင်ပြည်နယ်တွင် လူမှုအသိုက်အဝန်းများ အကြား သဟဇာတရှိစွာ နေထိုင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်ရေးနှင့် လူထုအား အသိပညာပေးမှုများပြုလုပ်ရေးကိစ္စတို့အပါအဝင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအပေါ် အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ် ကိုဗင့်ဒ် နှင့်ဇနီး ရှရီမတီ ဆာဗီးတာကိုဗင့်ဒ် နှင့် အဖွဲ့သည် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။





အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ် နှင့် ဇနီးနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့်ဇနီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ် ကိုဗင့်ဒ် နှင့်ဇနီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်သို့ သွားရောက်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကာ စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာအိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်သည် ရွှေတိဂုံစေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး သမ္မတနှင့်ဇနီးတို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး သာသနိက အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ် ကိုဗင့်ဒ် နှင့်ဇနီးနှင့်အဖွဲ့သည် ဆူးလေရှန်ဂရီလာဟိုတယ်၌ မြန်မာနိုင်ငံရှိ အိန္ဒိယအသိုက်အဝန်းနှင့် တွေ့ဆုံသည်။ **သတင်းစဉ်**

# အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့်ဇနီး အိန္ဒိယ-မြန်မာ အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန ဖွင့်ပွဲအခမ်းအနားနှင့် အိန္ဒိယ-မြန်မာ စပါးဗီဇဥယျာဉ် ဖွင့်ပွဲအခမ်းအနားတက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ် ကိုဗင့်ဒ် နှင့်ဇနီး ရှရီမတီ ဆာဗီးတာကိုဗင့်ဒ် တို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေရှိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သို့ ရောက်ရှိကြပြီး အိန္ဒိယ-မြန်မာ အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့်ပညာရေးဗဟိုဌာန ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတက အိန္ဒိယ-မြန်မာအဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေး ဗဟိုဌာန အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတို့က ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် အိန္ဒိယ-မြန်မာအဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာနရှိ စာကြည့်ခန်း၊ ပဲနှင့်ပြောင်းကို အခြေခံသည့် တန်ဖိုးမြင့် ထုတ်ကုန်ထုတ်လုပ်နေမှုနှင့် လက်တွေ့စာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတသည် အိန္ဒိယ-မြန်မာ အဆင့်မြင့် စိုက်ပျိုးရေး သုတေသနနှင့် ပညာရေး ဗဟိုဌာန ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး တာဝန်ရှိသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ ထို့နောက် အိန္ဒိယ-မြန်မာ အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့် ပညာရေးဗဟိုဌာန အဆောက်အအုံရှေ့တွင် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပေးသည်။

အိန္ဒိယ-မြန်မာ အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့် ပညာရေးဗဟိုဌာနတွင် တောင်သူများအတွက် စိုက်ပျိုးရေး အဆင့်မြင့်နည်းပညာသစ်များ ရရှိစေရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးရိုးဗီဇဗေဒပညာဌာန၊ ရိတ်သိမ်းချိန်လွန် နည်းပညာဌာန၊ ဗဟုသုတစီမံခန့်ခွဲမှုဌာနနှင့် ဘွဲ့လွန်သင်တန်းဌာနတို့ ဖွဲ့စည်းထားပြီး စိုက်ပျိုးရေးဇီဝနည်းပညာဘာသာရပ်၊ ရိတ်သိမ်းချိန်လွန် နည်းပညာဘာသာရပ်၊ အစားအစာသိပ္ပံနှင့်နည်းပညာဘာသာရပ်၊ စိုက်ပျိုးရေး တိုးချဲ့ပညာပေး ဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါဘာသာရပ်များကို အိန္ဒိယနိုင်ငံ စိုက်ပျိုးရေး သုတေသနတက္ကသိုလ်မှ ပညာရှင်များနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ ပူးပေါင်း၍ ပို့ချပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတသည် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်အတွင်း အိန္ဒိယနိုင်ငံ အမ်၊ အက်(စ်)၊ ဆွာမိနာသန် သုတေသနဖောင်ဒေးရှင်းနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အိန္ဒိယ-မြန်မာ စပါးဗီဇဥယျာဉ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတက အိန္ဒိယ-မြန်မာ စပါးဗီဇဥယျာဉ် အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီး အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတို့က ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးနှင့် အဖွဲ့သည် စပါးဗီဇဥယျာဉ်အတွင်း စက်ကျုံပြုလုပ်နေမှု၊ ဆန်ကြိတ်၊ ဆန်ဖွပ်ခြင်း၊ စပါးမှ ထွက်ရှိသော ပစ္စည်းများနှင့် ဆန်ဖြင့်ပြုလုပ်သော မုန့်အမျိုးမျိုးတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတသည် စပါးဗီဇဥယျာဉ် ဧည့်သည်တော် မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အဆိုပါ စပါးဗီဇဥယျာဉ်တွင် စပီရူလိုင်းနားထုတ်ကုန်များ၊ ဇီဝမြေဩဇာ၊ ဆန်ဖြင့် ပြုလုပ်သော မုန့်အမျိုးမျိုးနှင့် တာရှည်ခံဖွဲနု ပြုလုပ်ခြင်း၊ ကောက်ရိုးအသုံးပြု၍ အာဟာရပြည့် နွားစာကိတ် ပြုလုပ်ခြင်း၊ ကောက်ရိုးအသုံးပြု၍ မှို မွေးမြူခြင်း၊ စက်ကျုံပြုလုပ်ခြင်း၊ ဆန်ကြိတ်၊ ဆန်ဖွပ်ခြင်းနှင့် တီကျစ်စာမြေဆွေး ပြုလုပ်ခြင်းတို့ စမ်းသပ်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄၅/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးလှအေး ကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း



ဓာတ်မြစ် ။ www.oil-price.net
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

* ကျောဖုံးမှ

၃။ ထို့ပြင် ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးရန် ကျန်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ NCA တွင်ပူးပေါင်းပါဝင်လာနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

# နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ ၄ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် ရမ်ကလောင်းတို့၌ ၇ ဒီဂရီစင်တီဂရိတ်စီနှင့် တီးတိန်မြို့၌ ၈ ဒီဂရီ စင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာကိုကိုးကျွန်းမြို့၌ ၄ ဒသမ ၅၃ လက်မ၊ ဟိုင်းကြီးကျွန်းမြို့၌ ၁ ဒသမ ၃၄ လက်မ၊ ကျောက်မဲမြို့၌ ၀ ဒသမ ၉၄ လက်မ၊ ကျောက်ဆည်မြို့နှင့် ဆင်ဖြူကျွန်းမြို့တို့၌ ၀ ဒသမ ၅၉ လက်မစီ၊ မကွေးမြို့၌ ၀ ဒသမ ၅၅ လက်မ၊ နေပြည်တော်(ဇေယျာသီရိမြို့နယ်)၊ မင်းဘူးမြို့နှင့် ဥက္ကံမြို့တို့၌ ၀ ဒသမ ၅၁ လက်မစီ၊ ကွမ်းလုံမြို့နှင့် လွန်ကျော်မြို့တို့၌ ၀ ဒသမ ၄၇ လက်မစီတို့ ဖြစ်ကြသည်။

မိုး/ဇလ

* ကျောဖုံးမှ

ငြိမ်းချမ်းရေးရရှိရေးအတွက် ဦးစားပေးဆောင်ရွက်နေကြောင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ကဏ္ဍအသီးသီးတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ကလေးအလုပ်သမားကိစ္စနှင့် ပတ်သက်၍ ကာကွယ်စောင့်ရှောက်မှုများကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

**လုပ်ငန်းတာဝန်(၈)ရပ်ချမှတ်**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၈) ဖြင့် လုပ်ငန်းတာဝန်(၈)ရပ် ချမှတ်ကာ အဖွဲ့ဝင် ၃၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၈)ခုနှင့် အမျိုးသားကော်မတီ၏ အတွင်းရေးမှူးအဖွဲ့တို့ကို ဖွဲ့စည်းခဲ့ပါကြောင်း။

**ဆုံးဖြတ်ချက်(၉)ချက်ချမှတ်**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပခဲ့ရာ အစည်းအဝေးဆုံးဖြတ်ချက် (၉)ချက် ချမှတ်ခဲ့ပြီး အဆိုပါ ဆုံးဖြတ်ချက်အားလုံးကို ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း။

ကမ္ဘာပေါ်တွင်ရှိသည့် အလုပ်လုပ်နိုင်သော လူငယ်၊ လူရွယ်ဦးရေသည် ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်း၊ တစ်ဘီလီယံခန့်ရှိပြီး ကမ္ဘာ့လူငယ်၊ လူရွယ်ထု၏ အခြေအနေသည် ဒေသတွင်း နိုင်ငံများနှင့် လူမှုအဖွဲ့အစည်းများအကြားတွင် စီးပွားရေး၊ လူမှုရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုကွာဟမှုများနှင့် မတူကွဲပြားမှုများ ကြုံတွေ့နေရသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

**ကလေးအလုပ်သမား ၁၅၂ သန်းခန့်ရှိ**

ကမ္ဘာ့စစ်တမ်းများအရ ကမ္ဘာပေါ်တွင် အသက် (၅)နှစ်မှ (၁၇)နှစ်အကြား ကလေးအလုပ်သမား ၁၅၂ သန်းခန့်ရှိရာတွင် ထိုအထဲမှ ၇ ဒသမ ၄ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် အာရှနှင့် ပစိဖိတ်ဒေသတွင်ရှိပြီး စိုက်ပျိုးရေးကဏ္ဍများတွင် အများစုဖြစ်သည်ကို တွေ့ရပါကြောင်း။

**တန်ဖိုးမဖြတ်နိုင်သည့်အရင်းအမြစ်များ**

ကမ္ဘာ့လူငယ်၊ လူရွယ်ဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရှိနေပြီး လူငယ်များနှင့် ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှု အခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပုံရိပ်ကို ဖန်တီးရာတွင် အလွန်အရေးကြီးသည့်အတွက် လူငယ်များနှင့် ကလေးများသည် နိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သည့် အရင်းအမြစ်များဖြစ်ပါကြောင်း။

ဒေသတွင်း ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင်လည်း ကုန်ထုတ်စွမ်းအားကို အထောက်အကူဖြစ်စေမည့် လူငယ်လူရွယ်နှင့် ကလေးများကို အလုပ်သမားအဖြစ် အသုံးပြုလေ့ရှိသည်ကို တွေ့ရပြီး အထူးသဖြင့် ဆင်းရဲမှုနှင့် ဆက်စပ်၍ စိန်ခေါ်မှုများ ကြုံတွေ့နေရသည့် နိုင်ငံများတွင် ကလေးအလုပ်သမားများကို ပိုမိုပြီး အသုံးပြုနေခြင်းကို တွေ့ရပါကြောင်း။

**လုပ်ငန်းစီမံချက်ဖြင့် ဆောင်ရွက်ရန်**

၂၀၁၅ ခုနှစ်တွင် ကောက်ယူခဲ့သည့် Labour Force Survey အရ မြန်မာနိုင်ငံတွင် ကလေးဦးရေ ၁၂ သန်းကျော်ရှိရာတွင် ကလေးအလုပ်သမား ၁ ဒသမ ၁ သန်းကျော်ရှိပြီး ထိုအထဲမှ ခြောက်သိန်းကျော်ခန့်သည် အန္တရာယ်ရှိသည့် အလုပ်များတွင် လုပ်ကိုင်နေရသည့် အသက် ၁၈ နှစ်အောက် ကလေးများဖြစ်သည်ကို တွေ့ရှိရသဖြင့် ထိုလုပ်ငန်းခွင်များမှ ကလေးအလုပ်သမားများကို ကာကွယ်စောင့်ရှောက်ပေးရန် အမျိုးသားအဆင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာလုပ်ငန်းစီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**အသုံးပြုခံနေရမှုများ ကြုံတွေ့နေရ**

ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ Climate Change ၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်မှုများကြောင့် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ ပြည်တွင်း ပဋိပက္ခအချို့ကြောင့် ဆင်းရဲမှုများနှင့် ရွှေ့ပြောင်းနေထိုင်ရမှုများရှိလာခြင်း၊ လူမှုစီးပွားရေးဘဝ အကျပ်အတည်းများမှ တစ်ဆင့် ကလေး၊ လူငယ်၊ လူရွယ်များသည် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်သည့် အခွင့်အလမ်းများမရရှိဘဲ ကလေးအလုပ်သမားအဖြစ် အသုံးပြုခံနေရမှုများကိုလည်း ဖွံ့ဖြိုးဆဲ နိုင်ငံအများစုတွင် ကြုံတွေ့နေရပါကြောင်း။


ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

ILO Convention No-182 ဖြစ်သည့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၁၈၂)ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံအနေဖြင့် သဘောတူလက်မှတ်ထိုးခဲ့ပြီး ကလေးအလုပ်သမားနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (ILO)၊ ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ကလေးအလုပ်သမားပပျောက်ရေးသည် မျက်မှောက်ခေတ်၏ Global Issue တစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံအတွက် ကြီးမားသည့် စိန်ခေါ်မှုဖြစ်သကဲ့သို့ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်သည့်အတွက် ကာလတိုဆောင်ရွက်၍ မရနိုင်သဖြင့် ဆက်စပ်ကဏ္ဍပေါင်းစုံ ပါဝင်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မိမိတို့နိုင်ငံ၏ အခြေအနေနှင့်လျော်ညီသော အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ထွက်ပေါ်လာရန် အရေးကြီးပါကြောင်း။

**သုံးပွင့်ဆိုင်လက်မှတ်ရေးထိုး**

အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် လက်မှတ်ရေးထိုးခဲ့သည့် သင့်တော်ကောင်းမွန်သော လုပ်ငန်းခွင် အစီအစဉ် (Decent Work Country Program)ကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာလက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (ILO) နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား MoU လက်မှတ်ရေးထိုးခဲ့ပြီး ထိုအထဲတွင် ပါဝင်သည့် အလုပ်အကိုင်အခွင့်အလမ်းများကို ဦးစားပေးခြင်း၊ အလုပ်သမားအခွင့်အရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအပိုင်းများတွင် ကလေးအလုပ်သမားကိစ္စရပ်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း။

**အတည်ပြုချက်ရယူ**

အမျိုးသားကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များတွင် ပါဝင်သည့် လုပ်ငန်းကော်မတီ (၈)ရပ် ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းတာဝန်များနှင့် အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့က အမျိုးသားအဆင့် လုပ်ငန်းစီမံချက်(မူကြမ်း) ရေးဆွဲပြုစုထားမှုများအပေါ် ညှိနှိုင်းဆွေးနွေးပြီး ယနေ့ အစည်းအဝေးတွင် အတည်ပြုချက်ရယူကာ အကောင်အထည်ဖော်နိုင်ရေးကို ဆက်လက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

> **"ကမ္ဘာ့စစ်တမ်းများအရ ကမ္ဘာပေါ်တွင် အသက် (၅)နှစ်မှ (၁၇)နှစ်အကြား ကလေးအလုပ်သမား ၁၅၂ သန်းခန့်ရှိရာတွင် ထိုအထဲမှ ၇ ဒသမ ၄ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် အာရှနှင့် ပစိဖိတ်ဒေသတွင်ရှိပြီး စိုက်ပျိုးရေးကဏ္ဍများတွင် အများစုဖြစ်သည်ကို တွေ့ရ"**

**ပွင့်ပွင့်လင်းလင်းဆွေးနွေး**

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီပြီး ရှုထောင့်မျိုးစုံမှ စဉ်းစားကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ပြည့်စုံကောင်းမွန်သော မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်(မူကြမ်း) ထွက်ပေါ်လာရေးနှင့် ကလေးအလုပ်သမားများအတွက် ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ၎င်းတို့၏ မိသားစုအခြေအနေများ၊ ဆင်းရဲမှုအခြေအနေများကို ထည့်သွင်းစဉ်းစားပြီး မိမိနိုင်ငံနှင့် သင့်လျော်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်း စီမံကိန်းနှင့် ပတ်သက်၍ ပဏာမ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကော်မတီတွဲဖက် အတွင်းရေးမှူး အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ(၈)ရပ်၏ လုပ်ငန်းတာဝန်များနှင့် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (မူကြမ်း) တို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ကဏ္ဍများအလိုက်ဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာသန်းမြင့်၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးခင်မောင်ချို၊ နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ဖြစ်ကြသော ဒေါက်တာခက်အောင်၊ ဦးအယ်လ်ဖောင်းရှို၊ ဒေါ်နန်းခင်ထွေးမြင့်၊ ဦးဆလိုင်းလျန်လွယ်၊ ဒေါက်တာမြင့်နိုင်၊ ဒေါက်တာဒေါ်လဲ့လဲ့မော်၊ ဒေါက်တာအောင်မိုးညို၊ ဒေါက်တာအေးဇံ၊ ဦးညီပု၊ ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်(မူကြမ်း)တွင် ပါဝင်သည့် အကြောင်းအရာများ၊ ကလေးအလုပ်သမားဖြစ်ရသည့် အကြောင်းအရင်းသည် လူကုန်ကူးခံရမှုကြောင့် ဖြစ်ပါက ထိရောက်သည့် ရှာဖွေဖော်ထုတ်မှု၊ ကလေးအခြေပြု စုံစမ်းစစ်ဆေးခြင်းကိစ္စရပ်များ၊ ကလေးအလုပ်သမားဖြစ်လာမည့် အန္တရာယ်ရှိနေသည့် ကလေးများအား သက်မွေးပညာသင်ကြားရေးရနိုင်ခွင့်များ၊ ကလေးအလုပ်သမားဆိုင်ရာ သတင်းပြန်ကြားရေးအတွက် နည်းပညာရပ်ဆိုင်ရာလုပ်ငန်းများ၊ လုပ်ငန်းခွင်များတွင် ကလေးအလုပ်သမား ကင်းစင်ရေးဆိုင်ရာများနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် ထူးချွန်သော အင်ဂျင်နီယာပညာရှင်များဖြစ်အောင် ကြိုးစား

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၀)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများအား စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၀)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းသော်လွင်ဦး၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းရန်နိုင်ဖြိုးနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း လှိုင်မျိုးသက်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် တပ်မတော်သို့ စတင်ဝင်ရောက်ထမ်းဆောင်သည့် စစ်မှုထမ်းများ၏ ပညာအရည်အချင်းသတ်မှတ်ချက်အား မြှင့်တင်ဆောင်ရွက်သကဲ့သို့ တပ်မတော်၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော် သားများ၏ ပညာရည်မြှင့်တင်မှုကိုဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့သော အတတ်ပညာရှင်များကိုလည်း စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ခေတ်မီတပ်မတော် တည်ဆောက်သည့်နေရာတွင် "အင်ဂျင်နီယာစွမ်းပကား တပ်မတော်အား" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် ထူးချွန်သော အင်ဂျင်နီယာပညာရှင်များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

**သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်**

နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ မိမိနိုင်ငံ၏နယ်နိမိတ်နှင့် အချုပ်အခြာအာဏာ၊ နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတော်အစိုးရ၊ နိုင်ငံတော်၏ အကျိုးစီးပွားမှန်သမျှအား ထိပါးနှောင့်ယှက်လာမည့် အန္တရာယ်မျိုးစုံကို ကြိုတင်တွက်ဆပြီး လိုအပ်သည့် ကာကွယ်ရေးအစီအမံများ ဆောင်ရွက်သည့်လုပ်ငန်းများအပြင် မိမိနိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဘဝလုံခြုံမှု၊ အသက်ရှင်သန်ရပ်တည်မှု၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှု၊ နိုင်ငံအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကြုံတွေ့လာရမည့် အန္တရာယ်မျိုးစုံအား တားဆီးတွန်းလှန်ချေဖျက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အားလုံးကို စုပေါင်းခေါ်ဆိုခြင်းဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် တပ်မတော်က အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ အမျိုးသားရေးတာဝန်ကို သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် တပ်မတော်က ထမ်းဆောင်ရာတွင် ခေတ်အဆက်ဆက် ဖြတ်သန်းလာသည့် နိုင်ငံရေး ရေစီးကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ရပ်တည်မှု၊ တရားဥပဒေစိုးမိုးရေးနှင့်



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းလှိုင်မျိုးသက်အား ဆုချီးမြှင့်စဉ်။**
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

တည်ငြိမ်အေးချမ်းမှု အပြည့်အဝမရရှိသေးသည့် အခြေအနေများကြောင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပျောက်ပျက်မသွားအောင် မိမိတို့ တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ထမ်းဆောင်နိုင်ရန်အတွက် စွမ်းရည်သုံးရပ်ထက်မြက်သည့် ကာကွယ်ရေးအင်အားစုကြီးတစ်ရပ် လေ့ကျင့်ပျိုးထောင်ပြီး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း ပြောကြားသည်။

**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်**

ထို့နောက် ယခုမိမိတို့တပ်မတော်၏ အခန်းကဏ္ဍအား ပကတိအရှိတရားအတိုင်း လေ့လာကြည့်လျှင် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီတပ်မတော်တည်ဆောက်ရေး စသည့် ကဏ္ဍအသီးသီးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်မှုများအပေါ် ပြည်တွင်း ပြည်ပ ဆန့်ကျင်ဘက်အင်အားစုများ၊ အချို့အဖွဲ့အစည်းများက တပ်မတော်၏အခန်းကဏ္ဍများ လျော့ကျသွားစေရန်အတွက် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားမှုများပြုလုပ်ပြီး တပ်မတော်ပြိုကွဲရေးအထိ ဦးတည်ဆောင်ရွက်လာသည်ကို အထူးသတိပြုကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဖြစ်စဉ် ဖြစ်ရပ်များအရ တပ်မတော်ပြိုကွဲသည်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများပါ ယိမ်းယိုင်သွားပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်၊ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ရေးတို့တွင်လည်း လုံခြုံမှုမရှိတော့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပထဝီအနေအထားအရ၊ မျက်မှောက်ခေတ်ကာလစစ်ပွဲများ၏ အသွင်သဏ္ဌာန်အရ၊ အနာဂတ်စစ်ပွဲများ၏အလားအလာအရ နိုင်ငံတော်အပေါ် ကျရောက်လာမည့် ပြည်တွင်း ပြည်ပ အန္တရာယ်များအား ကာကွယ်နိုင်ရန်အတွက် မိမိတို့တပ်မတော်ကို စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်အဖြစ် ရည်မှန်းချက်ထားပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် Standard Army ဖြစ်အောင် ဖွဲ့စည်း တည်ဆောက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်လျက် ရှိသည့်နေရာတွင် စွမ်းရည်ထက်မြက်သည့်၊ အရည်အချင်းရှိသည့် စစ်သည်များ လိုအပ်သည့်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်စေရန်အတွက် လေ့ကျင့်ရေးသည် အဓိကကျသကဲ့သို့ နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး ခေတ်မီစစ်လက်နက်ပစ္စည်းများ တပ်ဆင်အသုံးပြုရေးသည်လည်း အရေးကြီးကြောင်း၊ တပ်ဆင်ထားသည် ခေတ်မီစစ်လက်နက်ပစ္စည်းများကို ကိုင်တွယ်အသုံးပြုမည့် စစ်သည်များ စွမ်းဆောင်ရည်မြင့်မားရေးနှင့် စိတ်ဓာတ်ကောင်းမွန်ပြီး ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ရေးသည် အရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တပ်မတော်ကို စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော် တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် အလွန်အရေးကြီးပြီး လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံသည့် Standard Army တစ်ခုအဖြစ် ဖွဲ့စည်းတည်ဆောက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

စစ်ရေးပြ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

**တက်ရောက်**

ညပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်ရှိ ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်စား အမေရိကန်-အာဆီယံစီးပွားရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်စား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည်အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဒုတိယဥက္ကဋ္ဌ သံအမတ်ကြီး မိုက်ကယ်မစ်ကလက်နှင့် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီ၏ မြန်မာကော်မတီဥက္ကဋ္ဌ ရှယ်ဗယွန်ကုမ္ပဏီတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့တွင် အမေရိကန်သံရုံး၊ သံရုံးယာယီတာဝန်ခံ Mr. George Sibley၊ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီအဖွဲ့ဝင်ကုမ္ပဏီများဖြစ်ကြသည့် Abbot, Amazon, Chevron, Coca-Cola, Ford, MasterCard, Visa ကုမ္ပဏီတို့မှ ကိုယ်စားလှယ် ၃၀ လည်း ပါဝင်တက်ရောက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ဝန်ကြီးဌာန၏ မျှော်မှန်းချက်သည် ၂၀၂၀ ခုနှစ်တွင် ဓာတ်အားစနစ်ကွန်ရက်မှ ဓာတ်အားစနစ်သုံးစွဲခွင့် ၅၅ ရာခိုင်နှုန်းအထိ ကြိုးစားဆောင်ရွက်မည်ဖြစ်သောကြောင့် မူဝါဒများ တိတိကျကျဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရှင်းလင်းဖြေကြားသည်။

ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး၏ **သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများကို မူလပိုင်ရှင်များက ပြန်လည်လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက စစ်ဆေးထားသည့် ၁၉၈၈ ခုနှစ်မတိုင်မီ သိမ်းဆည်းခံရသည့်မြေမှုများမှာ သက်ဆိုင်ရာ ရပ်ကျေးအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် သိမ်းဆည်းမြေစစ်ကော်မတီတို့မှ စစ်ဆေးပြီး မူလပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ရန် တိုင်းအဆင့် သိမ်းဆည်းခံမြေပြန်စစ်ကော်မတီသို့ ရောက်ရှိနေသည့်အမှုများနှင့်ပတ်သက်၍ မည်သို့ဆက်လက်လုပ်ဆောင်မည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ယခင် မူဝါဒတွင် ပါဝင်သော ၁၉၈၈ ခုနှစ် မတိုင်မီ သိမ်းဆည်းမှုများအား သီးခြားကိစ္စတစ်ရပ်အနေဖြင့် ဖြေရှင်းပေးရမည်ဟူသော လမ်းညွှန်ချက်အရ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများမှ ၁၉၈၈ ခုနှစ်မတိုင်ခင် အမှုတွဲများအားစိစစ်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံနေရမှုများ ပြန်လည်စိစစ်ရေးကော်မတီများသို့ တင်ပြပြီးဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် ၁၉၈၈ ခုနှစ် မတိုင်ခင် အမှုတွဲများအား ပိတ်သိမ်း၍ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့ကာ ထိုမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ဆက်လက်ဆောင်ရွက်ရန် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၇ ရက် ရက်စွဲပါစာဖြင့် အကြောင်းကြားပြီး ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားသည်။

## တန့်ယန်းမြို့နယ် ရဲတပ်ဖွဲ့တွင် လက်ရှိ တပ်ဖွဲ့ဝင်အင်အားနှင့် နေအိမ်လိုင်းခန်း လုံလောက်မှုရှိသော်လည်း အင်အားထပ်မံဖြည့်တင်းပါက တပ်ဖွဲ့ဝင်များနေထိုင်ရန်အတွက် ၄ ခန်းတွဲ ၂ ထပ် ၂ လုံး ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိ

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်၏ **တန့်ယန်းမြို့ မြို့နယ်ရဲတပ်ဖွဲ့ဝင်းအတွင်းရှိ ရဲဝန်ထမ်းအိမ်ရာ ငါးလုံးအား ပယ်ဖျက်ပြီး RC ကွန်ကရစ်ဖြင့် တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက တန့်ယန်းမြို့မ ရဲစခန်းဝင်းအတွင်းရှိ အဆောက်အအုံများအနက် ၂ ခန်းတွဲ ၁ ထပ် တစ်လုံးနှင့် လေးခန်းတွဲ ၁ ထပ် ၂ လုံးတို့သည် ဟောင်းနွမ်းနေသဖြင့် လူနေထိုင်၍ မရသော အဆောက်အအုံများ ဖြစ်ပါကြောင်း၊ လူနေထိုင်နိုင်သော အခန်း ၃၃ ခန်းရှိပါကြောင်း၊ အိမ်ထောင်သည် ၃၀ ဦးနှင့် အပျိုတစ်ဦးနေထိုင်ပြီး ကျန်အခန်းများတွင် လူပျို ၁၁ ဦးနေထိုင်လျက် ရှိပါကြောင်း၊ အိမ်ထောင်သည် တစ်ဦးနှင့် လူပျို ခြောက်ဦးတို့သည် ဒေသခံများဖြစ်၍ ပြင်ပတွင် မိဘဆွေမျိုးများနှင့် အတူနေထိုင်လျက်ရှိပါကြောင်း၊ တန့်ယန်းမြို့နယ် ရဲတပ်ဖွဲ့တွင် လက်ရှိ တပ်ဖွဲ့ဝင်အင်အားနှင့် နေအိမ်လိုင်းခန်း လုံလောက်မှုရှိသော်လည်း အင်အားထပ်မံဖြည့်တင်းပါက တပ်ဖွဲ့ဝင်များနေထိုင်ရန်အတွက် ၄ ခန်းတွဲ ၂ထပ် ၂ လုံး ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မူလ)အသုံးစရိတ်တွင် လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ **ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာအုပ်စု ရဲတပ်ရင်းအတွက် သိမ်းယူထားသောမြေပေါ်တွင် ကြက်ခြံအတွက် မြေငှားရမ်းခြင်း၊ ကားပျက်များ လေလံဆွဲပြီးစုပုံခြင်း၊ ဖြတ်တောက်ခြင်းအတွက် အသုံးပြုနေခြင်းကြောင့် ထိခိုက်နစ်နာမှုအတွက် တိုင်ကြားထားသည်ကို မည်သို့ဖြေရှင်းဆောင်ရွက်ထားကြောင်း သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲဝင်းအတွင်း ကြက်မွေးမြူရေးလုပ်ငန်းများအား ယခင်က ပြင်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အကျိုးတူလုပ်ကိုင်ခဲ့သော်လည်း ၂၀၁၆ ခုနှစ် ဧပြီလမှ စ၍ တပ်ဖွဲ့ဝင်များ၏လုပ်အားဖြင့် ကြက်ခြံနှစ်ခြံအား ဆောက်လုပ်ပြီး ကြက်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပါကြောင်း။

## ဥယျာဉ်ခြံမြေ အပေါ်တွင် ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ သံထည်ပစ္စည်းအဟောင်းများစုပုံထားခြင်းဖြင့် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တားမြစ်စာ ၃ ကြိမ် ထုတ်ပြန်

သံထည်ပစ္စည်းဟောင်း အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရွှေပုသည် သံထည်ပစ္စည်းများထားရှိရန်အတွက် သီလဝါ-ပါဒကြီးသွားကားလမ်း အဒ္ဓတွော ကျေးရွာရှိ ရွှေမင်းသမီးခြံအား ငှားရမ်းပြီး သံထည်ပစ္စည်းများထားရှိရာမှ မြေနေရာမလုံလောက်သဖြင့် သံထည်ပစ္စည်းများအား ခေတ္တထားခွင့်ပြုပါရန် အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲထံ အကူအညီတောင်းခံခဲ့သဖြင့် ၂၀၁၈ ခုနှစ် မေ ၁၈ ရက်မှစ၍ ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါ သံထည်ပစ္စည်းများ ထားရှိသောနေရာတွင် ရဲအရာရှိရိပ်သာတည်ဆောက်ရန် လျာထားသဖြင့် သံထည်ပစ္စည်းများအား ဆက်လက်ထားရှိခြင်းမပြုရန်ပြောကြားခဲ့မှုအပေါ် ၂၀၁၈ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ဦးရွှေပုသည် ရွှေမင်းသမီးခြံသို့ ရွှေ့ပြောင်းသယ်ဆောင်ရှင်းလင်းပြီး ဖြစ်ပါကြောင်း၊ ရွှေမင်းသမီးခြံသည် သိမ်းဆည်းခံရေယာ ၄ ဒသမ ၀၃ ဧက ကျယ်ဝန်းပြီး ဦးထွန်းလှဦးအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုပုံစံ ၇ ရရှိထားပြီး ဥယျာဉ်ခြံမြေဖြစ်ပါကြောင်း၊ ဥယျာဉ်ခြံမြေအပေါ်တွင် ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ သံထည်ပစ္စည်းအဟောင်းများ စုပုံထားခြင်းဖြင့် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တားမြစ်စာ ၃ ကြိမ် ထုတ်ပြန်ခဲ့ပါကြောင်း။




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

ထို့အပြင် ကျောက်တန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ခြံပိုင်ရှင်အား ခေါ်ယူတွေ့ဆုံပြီး စုပုံထားသည့် သံထည်ပစ္စည်းများအား သုံးလအတွင်း အပြီးဖယ်ရှားပေးရန် လိုက်နာခြင်းမရှိပါက လယ်ယာမြေဥပဒေအရ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်းကို ဝန်ခံကတိလက်မှတ် ရေးထိုးစေခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ ထပ်မံစုပုံခြင်းမရှိဘဲ ယခင်စုပုံထားရှိသော ပစ္စည်းများကို ဖယ်ထုတ်လျက်ရှိကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲဝင်းအတွင်းတွင် ပြင်ပစီးပွားရေးလုပ်ငန်းရှင်များအား ကြက်မွေးမြူရန်အတွက် မြေငှားရမ်းခြင်း၊ အကျိုးတူလုပ်ကိုင်ခြင်းများမရှိဘဲ တပ်ဖွဲ့ဝင်များ၏ လုပ်အားဖြင့် ကြက်ခြံနှစ်ခြံဆောက်လုပ်၍ ကြက်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပါကြောင်းနှင့် ရဲတပ်ဖွဲ့ခွဲပိုင်မြေအတွင်း စုပုံထားရှိသော သံထည်ပစ္စည်း အဟောင်းများအား ဖယ်ရှားရှင်းလင်းပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုးနှင့် နမ္မတူ မဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဒေါက်တာလှိုင်မျိုးဟန်က ဖတ်ကြားတင်ပြသည်။

အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် ကော်မတီဝင် ဒေါက်တာဦးလင်းလင်းကျော်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်နှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်တို့က ဆွေးနွေးကြသည်။

ယင်းနောက် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာကို သဘောတူလက်ခံရန် ကော်မတီအတွင်းရေးမှူး ဦးခမ်ခန့်ထန်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများကို ကော်မတီဝင် ဒေါ်မာမာခိုင်က ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး တင်သွင်းသည့် **နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရာ၌ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက် (NEP)၌ အခြေခံကျသည့် ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီးရရှိသုံးစွဲမှု မြှင့်တင်ရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးဖြစ်ပေါ်အောင် ကျေးလက်မီးလင်းရေးမူဝါဒများကို စိစစ်ချမှတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်းက ကျေးလက်မီးလင်းရေး စီမံချက်ဖြင့် ဆောင်ရွက်နေသော ကျေးလက်မီးလင်းရေးလုပ်ငန်းများသည် မိမိတို့ ဆက်လက်ကျင့်သုံးဆောင်ရွက်သွားရန် လုပ်ငန်းစဉ်တစ်ခုဖြစ်သဖြင့် ကျေးလက်၊ တောရွာများတွင် တစ်ပြေးညီလျှပ်စစ်သွယ်တန်းအသုံးပြုခွင့်ရရှိရေး၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ညီညွတ်မျှတစေရေးအတွက် မူဝါဒနှင့် ညွှန်ကြားချက်များပြန်လည် စိစစ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစောကျော်အောင်က အစိုးရ၊ ဝန်ကြီးဌာနအနေဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ ကျေးရွာလူထုအကြား အငြင်းပွားမှုမဖြစ်စေရန် ညီညွတ်မျှတစွာ အကျိုးခံစားခွင့်ရရှိပြီး နှစ်ဖက်စလုံးကို အကာအကွယ်ပေးနိုင်သည့် မူဝါဒ၊ လမ်းညွှန်ချက်များ ချမှတ်ပေးရန်၊ ဝန်ကြီးဌာနအနေဖြင့် နည်းပညာအရ သေချာစိစစ်ကြပ်မတ်ပြီး ဓာတ်အားလေလွင့်ဆုံးရှုံးမှုမရှိစေရေး အထူးအလေးထားဆောင်ရွက်သွားရန်၊ လျှပ်စစ်မီးသုံးစွဲ ခွင့်မရှိသေးသည့် ကျေးလက်နေပြည်သူများ လျှပ်စစ်မီးရရှိနိုင်ရန် နှစ်စဉ်ဘတ်ဂျက်များတွင် ဦးစားပေးထည့်သွင်းပေးရန်၊ ကျေးလက်မီးလင်းရေးကော်မတီ၏ လုပ်ပိုင်ခွင့်၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်လျှပ်စစ်ဌာန၏ စီမံပေးနိုင်မှု၊ ကျေးရွာနေပြည်သူများ၏ လိုက်နာဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို စနစ်တကျ ထုတ်ပြန်ညွှန်ကြားပေးနိုင်ရန်၊ ကျေးရွာနေ ပြည်သူများအချင်းချင်း ပဋိပက္ခမဖြစ်ပွားစေရန် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူအဆင့်ဆင့်မှ စနစ်တကျ ရှင်းလင်းချပြရန်တို့ လိုအပ်ပါကြောင်း။

ကျေးလက်မီးလင်းရေးလုပ်ငန်းများ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးဖြစ်ပေါ်နိုင်ရန်အတွက် အစိုးရ၊ လွှတ်တော်၊ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိ ရပ်ဖများနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်းပါဝင်ညှိနှိုင်းပြီး ကျေးလက်မီးလင်းရေးမူဝါဒများကို လိုအပ်ပါက ပြန်လည်စိစစ်ချမှတ် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၊ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၊ အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း၊ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်၊ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်းနှင့် ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လျှပ်စစ်ဥပဒေ၊ နည်းဥပဒေတို့အရ ပြဋ္ဌာန်းထားသော ခွင့်ပြုမိန့်အမျိုးအစားမှာ လျှပ်စစ်ကဏ္ဍတွင် ငွေကြေးရင်းနှီးကာ စီးပွားရေးလုပ်ငန်းသဏ္ဍာန်ဆောင်ရွက်မှုကိစ္စများအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး မီးလင်းရေးကော်မတီများသို့ အကြောင်းကြားသည့်စာတွင် ကျေးရွာလျှပ်စစ်လိုအပ်ချက်ကို တည်ဆောက်ခွင့်သာဖြစ်ပါ၍ ဥပဒေအရ ကျေးရွာမီးလင်းရေးကော်မတီသည် ခွင့်ပြုမိန့်ရရှိသူဆိုသည့် လျှပ်စစ်ဥပဒေပါအသုံးအနှုန်းနှင့် အကျုံးမဝင်ပါကြောင်း၊ ထိုသို့ အကျုံးမဝင်သည့်အတွက် ကျေးရွာမီးလင်းရေးကော်မတီသည် အခြားရွာများမှ လျှပ်စစ်ချိတ်ဆက်ခွင့်ကို ၎င်းတို့၏ ခွင့်ပြုချက်ရမှ ပေးချိတ်ရမည်ဟု လျှပ်စစ်ဥပဒေပုဒ်မ ၅၂ ကို ကိုးကားဆောင်ရွက်ရန် ဥပဒေအရ ဆီလျော်မှန်ကန်မှုမရှိပါကြောင်း။

မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိရန် တည်ဆောက်ရန် ဖြစ်နိုင်ခြေရှိသည့် ကျေးရွာများကို လျှပ်စစ်အားရရှိရန် လိုအပ်သည့် ဘတ်ဂျက်ရန်ပုံငွေများကိုလည်း ပြည်ထောင်စုဝန်ကြီးဌာန ဘဏ္ဍာရန်ပုံငွေဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၏ ဘဏ္ဍာရန်ပုံငွေဖြင့် လည်းကောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေ၊ အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေ၊ ဂျာမနီနိုင်ငံ၏ Kfw ဘဏ်ချေးငွေ၊ ဂျပန်နိုင်ငံ၏ JICA ချေးငွေတို့ဖြင့် ရယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုတိုးတက်မှုသည် ယခင်ကာလတိုးတက်မှုထက် ၅ ဒသမ ၈ ဆ တိုးတက်နေပါကြောင်း၊ ဝန်ကြီးဌာန၏ မျှော်မှန်းချက်သည် ၂၀၂၀ ခုနှစ်တွင် ဓာတ်အားစနစ်ကွန်ရက်မှ ဓာတ်အားစနစ်သုံးစွဲခွင့် ၅၅ ရာခိုင်နှုန်းအထိ ကြိုးစားဆောင်ရွက်မည်ဖြစ်သောကြောင့် မူဝါဒများ တိတိကျကျဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အဆိုအား လွှတ်တော်က မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ စက်ခလုတ်အသုံးပြုပြီး လွှတ်တော်၏ဆန္ဒမဲရယူရာ ထောက်ခံမဲ ၁၅၀၊ ကန့်ကွက်မဲ ၂၀၈ မဲနှင့် ကြားနေမဲ ၂ မဲဖြင့် ကန့်ကွက်မဲများသည့်အတွက်အဆိုအား မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ ၁၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြင်ဆင်ချက် ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ကော်မရှင်ရုံး၏ ဖွဲ့စည်းပုံကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အင်အားတိုးချဲ့ပြင်ဆင်ဖွဲ့စည်းရန်နှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးစိုက်ရာမြို့အသီးသီးတို့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအခန်း(၆) ပုဒ်မ ၃၆ (က) (ခ) တို့အရ ဖွဲ့စည်းနိုင်သော ရုံးခွဲများကို ပြဋ္ဌာန်းထားသော ဥပဒေပါ ရည်ရွယ်ချက်များ ထိရောက်အောင်မြင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ကော်မရှင်ရုံးခွဲများ ဖွဲ့စည်းနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ ကော်မရှင်ရုံး၏ ဖွဲ့စည်းပုံကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အင်အားတိုးချဲ့ပြင်ဆင်ဖွဲ့စည်းရန်နှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးစိုက်ရာမြို့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ဘဏ္ဍာငွေခွင့်ပြုနိုင်မှုနှင့် လုပ်ငန်းလိုအပ်ချက်ပေါ်တွင် မူတည်ရွေးချယ်ပြီး နှစ်စဉ်ကော်မရှင်ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရန် တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

### ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်တွင် မိခင်နှင့်ကလေးကျန်းမာရေးဌာန စံကိုက်နှစ်ထပ် အဆောက်အအုံအသစ်အား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်၍ နှစ်စဉ်စီမံကိန်းများတွင် ရန်ပုံငွေရရှိရေးအတွက် ဦးစားပေးအစီအစဉ်ဖြင့် လျာထားဆောင်ရွက်သွားမည်

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်၏ **ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်တွင် အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် ဘက်စုံသုံးခန်းမဆောင် ပါဝင်သော မိခင်နှင့်ကလေးကျန်းမာရေးဌာန အဆောက်အအုံကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မိခင်နှင့်ကလေးကျန်းမာရေးဌာန စံကိုက်နှစ်ထပ်အဆောက်အအုံအသစ်အား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်၍ နှစ်စဉ်စီမံကိန်းများတွင် ရန်ပုံငွေရရှိရေးအတွက် ဦးစားပေးအစီအစဉ်ဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### ပုသိမ်မြို့နယ် ဂျိတ်လက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရေးအတွက် အမျိုးသားကျန်းမာရေးစီမံကိန်းနှင့် ညှိနှိုင်း၍ ဆက်လက်တင်ပြဆောင်ရွက်သွားမည်

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုး၏ **ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ဘောမိကျေးရွာအုပ်စု ဂျိတ်လက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန (ခွဲ) အသစ်တစ်ခု တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရေလမ်းတစ်ခုတည်းကိုသာ အသုံးပြုသွားလာလျက်ရှိသော ပုသိမ်မြို့နယ် ဂျိတ်လက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အမျိုးသားကျန်းမာရေးစီမံကိန်းနှင့် ညှိနှိုင်း၍ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများသို့လည်းကောင်း ပေးပို့ပြီး သဘောထားမှတ်ချက်တောင်းခံ၍ ပြန်ကြားချက် (ထောက်ခံချက်)များရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### ပြည်သူလူထုအား အကာအကွယ်ပေးနိုင်ရန်နှင့် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ နိုင်ငံတော်တည်ငြိမ်ရေးကို ထိခိုက်ပျက်ပြားစေခြင်း၊ ပုဂ္ဂိုလ်ရေးရာတိုက်ခိုက်ခြင်း၊ ညစ်ညမ်းစွာ ရေးသားပြောဆိုခြင်း၊ ရာဇဝတ်မှုကျူးလွန်ခြင်းကို ထိထိရောက်ရောက် အရေးယူအပြစ်ပေးနိုင်ရန် Cyber Law တစ်ရပ် ပေါ်ထွက်လာနိုင်ရေး ဆောင်ရွက်လျက်ရှိ

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေတင်၏ **ယနေ့ လူမှုကွန်ရက်စာမျက်နှာ (Facebook)ပေါ်တွင် ရေးသားအသုံးပြုကြသူများအနက် အချို့မှာ Account နှစ်မျိုး၊ သုံးမျိုးသုံးပြီး ပုဂ္ဂိုလ်ရေးတိုက်ခိုက်ဆဲဆိုခြင်း၊ မိသားတစ်စု၊ မောင်နှံနှမ မဖတ်သင့်သည့် အလွန်ညစ်ညမ်းသော အသုံးအနှုန်းနှင့် အမနာပဝေဖန်ပုတ်ခတ်တိုက်ခိုက်လာခြင်း၊ ၎င်းကို Like လုပ်ပေးခြင်း၊ Comment ပေးခြင်း စသည်ဖြင့် အတင့်ရဲစွာလုပ်ဆောင်လာကြခြင်းသည် ကြာလျှင် အရိုင်းကို အယဉ်မှတ်ထင်လာပြီး ဒီမိုကရေစီယဉ်ကျေးမှုတစ်ရပ်ဟုပင် လွဲမှားစွာ ခံယူထင်မြင်ကျင့်သုံးလာခြင်းမျိုးမဖြစ်စေရန်အတွက် သက်ဆိုင်ရာမှ ကန့်သတ်ထိန်းချုပ်တားမြစ်ပေးရန် သို့မဟုတ် အရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက နိုင်ငံတကာ အခြေခံစံနှုန်းများနှင့် ကိုက်ညီ၍ မြန်မာနိုင်ငံနှင့် သင့်လျော်ပြီး ပြည်သူလူထုအား အကာအကွယ်ပေးနိုင်ရန်နှင့် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ နိုင်ငံတော်တည်ငြိမ်ရေးကို ထိခိုက်ပျက်ပြားစေခြင်း၊ ပုဂ္ဂိုလ်ရေးရာတိုက်ခိုက်ခြင်း၊ ညစ်ညမ်းစွာ ရေးသားပြောဆိုခြင်း၊ ရာဇဝတ်မှုကျူးလွန်ခြင်းကို ထိထိရောက်ရောက် အရေးယူအပြစ်ပေးနိုင်ရန် Cyber Law တစ်ရပ်ပေါ်ထွက်လာနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ ဥပဒေနှင့်နည်းပညာကျွမ်းကျင်သူများဖြင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် Community Standards များကို လိုက်နာသောလူမှုကွန်ရက် အသုံးပြုသူများ ဖြစ်စေရန် ရည်ရွယ်၍ ဆိုရှယ်မီဒီယာများ အသုံးပြုရာတွင် လိုက်နာသင့်သည့်အချက်များ၊ သတိပြုရမည့် အချက်များကို ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဖြန့်ဝေခြင်း၊ မိုဘိုင်းတယ်လီဖုန်းသုံးစွဲမှုဆိုင်ရာ နည်းပညာများကို အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပြပွဲများနှင့် လှုပ်ရှားမှုများပြုလုပ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသာဦးနှင့် ဒေါက်တာမြလေးစိန်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

### အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးက ဆွေးနွေးသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အထက်လွှတ်တော်အမတ်နှင့်အဖွဲ့ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်တိုးတက်မှုများအား ကြည့်ရှုလေ့လာ

**စစ်တွေ ဒီဇင်ဘာ ၁၂**

သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အထက်လွှတ်တော်အမတ် The Honourable Marise Payne နှင့်အဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တွေ့ဆုံပြီး စစ်တွေမြို့ရှိ ဗောဒ္ဓဖ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အထက်လွှတ်တော်အမတ် The Honourable Marise Payne နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် လေကြောင်းခရီးဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိကြရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အထက်လွှတ်တော်အမတ် The Honourable Marise Payne သည် စစ်တွေလေဆိပ်ရှိ ဧည့်ခန်းမ၌ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ် ဥပဒေချုပ် ဦးကျော်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အထက်လွှတ်တော်အမတ်နှင့်အဖွဲ့သည် စစ်တွေမြို့ရှိ ဗောဒ္ဓဖကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး ကယ်ဆယ်ရေးစခန်းအတွင်း ယာယီဖွင့်လှစ်ထားသည့် အခြေခံပညာမူလတန်းကျောင်း၌ ပညာသင်ကြားမှု၊ သင်ယူမှုအခြေအနေများကို လည်းကောင်း၊ ကယ်ဆယ်ရေးစခန်းအတွင်း နေထိုင်သူများ၏ စားဝတ်နေရေးအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။




သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အထက်လွှတ်တော်အမတ် The Honourable Marise Payne နှင့်အဖွဲ့ စစ်တွေမြို့ရှိ ဗောဒ္ဓဖကယ်ဆယ်ရေးစခန်းတွင် ယာယီဖွင့်လှစ်ထားသည့် အခြေခံပညာမူလတန်းကျောင်းအတွင်း ကြည့်ရှုလေ့လာစဉ်။

ထို့အတူ သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အထက်လွှတ်တော်အမတ်နှင့်အဖွဲ့ဝင်များသည် ကယ်ဆယ်ရေးစခန်းအတွင်း ဖွင့်လှစ်ထားရှိသည့် အမျိုးသမီးများဆုံစည်းရာ စင်တာသို့ သွားရောက်ပြီး အဆိုပါစင်တာရှိ အမျိုးသမီးများနှင့် တွေ့ဆုံသည်။

ညပိုင်းတွင် သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အထက်လွှတ်တော်အမတ်နှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

**မော်စီ၊ ကိုမင်း**
**ဓာတ်ပုံ-တင်ထွန်း(ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် NDI ၏ ကနေဒါနိုင်ငံမှ ပညာရှင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် National Democratic Institute (NDI) ၏ ကနေဒါနိုင်ငံမှ ပညာရှင် Mr. Gerard Latulippe နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် NDI အနေဖြင့် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားနိုင်ရေးနှင့် Rule of Procedure များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ဒေါက်တာလှမိုး၊ ကော်မတီအဖွဲ့ဝင် ဒေါ်နန်းထွေးသူ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အေးအေးမူ၊ ဦးတင်အောင်ချိုနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာနှစ်ခု လက်မှတ်ရေးထိုးလဲလှယ်ပွဲကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာနှစ်ခု လက်မှတ်ရေးထိုး လဲလှယ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro Maruyama နှင့် ဂျပန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဂျပန်-မြန်မာ သက်မွေးပညာသင်တန်းကျောင်း(အောင်ဆန်း) တည်ထောင်ရေးစီမံချက်အတွက် ဂျပန်ယန်း ၁၆၅ သန်း၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုစီမံချက်အတွက် ဂျပန်ယန်းသန်း ၈၀၀ အကူအညီပေးရေးဆိုင်ရာစာချွန်လွှာများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro Maruyama တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

အဆိုပါစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ နည်းပညာ၊ သက်မွေးပညာကဏ္ဍနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတို့အတွက် အထောက်အကူဖြစ်စေပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ထံ လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးသွားရန်အတွက် အချက်အလက်များ စုဆောင်းတင်သွင်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE)ထံ ရခိုင်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များနှင့် ယင်းနှင့် ဆက်နွှယ်သည့်ကိစ္စရပ်များကို စုံစမ်းစစ်ဆေးသွားရန်အတွက် အချက်အလက်များ စုဆောင်းတင်သွင်းနိုင်ကြောင်း အဆိုပါကော်မရှင်ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း၊ ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင် သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုက ယနေ့ ပြောကြားသည်။

သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုက လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် လူ့အခွင့်အရေးချိုးဖောက်ကြောင်းစွပ်စွဲချက်များနှင့် ယင်းနှင့် ဆက်နွှယ်သည့် ကိစ္စရပ်များကို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ၎င်းတို့ကော်မရှင်ထံ အချက်အလက်များ စုဆောင်းတင်သွင်းနိုင်ကြောင်း မီဒီယာများမှတစ်ဆင့် အသိပေးကြေညာသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိသင်္ဂဟဟိုတယ်၌ ကျင်းပရာတွင် ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းတည်ငြိမ်စေရန် ဆောင်ရွက်ရမည့် အကြံပြုချက်များကို တင်ပြခြင်း၊ တာဝန်ရှိမှုကို ဖော်ထုတ်ခြင်းတို့နှင့် ပတ်သက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကော်မရှင်ထံ အချက်အလက်များတင်သွင်းပေးပို့ရာတွင် တိုင်ကြားစာများ၊ ထောက်ခံစာများ၊ စာရွက်စာတမ်းများ၊ သက်သေခံချက်များ၊ ဖြစ်စဉ်များအတွက် မှတ်တမ်းတင်ထားသည့် အစီရင်ခံစာများစသဖြင့် သက်သေခိုင်လုံစွာ ရေးသားမှတ်တမ်းတင်ထားသည့် စာရွက်စာတမ်းများ၊ ဖြစ်စဉ်နှင့် ပတ်သက်သည့် ဗီဒီယို၊ အသံဖိုင်များ၊ မှတ်တမ်းဓာတ်ပုံများနှင့်အတူ တင်သွင်းသူအမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ဖက်စ်နှင့် အီးမေးလ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) သို့မဟုတ် အခြားသက်သေခံကတ်ပြားများကို ပူးတွဲပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

တင်သွင်းလွှာများကို မြန်မာ၊ အင်္ဂလိပ်၊ ရခိုင်နှင့် ဘင်္ဂါလီစသည့် ဘာသာလေးမျိုးမှ တစ်မျိုးမျိုးဖြင့် ရေးသားကာ ကော်မရှင်၏အီးမေးလ်ဖြစ်သည့် info@icoe-myanmar-org သို့လည်းကောင်း၊ ရုံးလိပ်စာဖြစ်သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဇေယျာအောင်မြေလမ်း၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၈၉၇၆၆၃၁၈၉ သို့ လိပ်မူကာ စာတိုက်မှတစ်ဆင့် လည်းကောင်း ပေးပို့နိုင်ကြောင်း သိရသည်။

ထိုကဲ့သို့ ပေးပို့လာသော အချက်အလက်များကို ကော်မရှင်အနေဖြင့် လျှို့ဝှက်ထားမည်ဖြစ်ကာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ တင်သွင်းပေးပို့ပေးကြရန် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်က ဖိတ်ခေါ် ထားသည်။

ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် ဖြစ်စဉ်နှင့် အဆိုပါဖြစ်စဉ်နောက်ပိုင်း ဖြစ်ပေါ်ခဲ့သည့် သက်ဆိုင်ရာ အချက်အလက်များကို ရှာဖွေသွားမည်ဖြစ်ကြောင်း သိရပြီး ကော်မရှင်ထံသက်သေခံချက် တင်သွင်းသူများကို တင်သွင်းမှု ခိုင်လုံစေရန်အလို့ငှာ ကော်မရှင်အနေဖြင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဖြစ်စဉ်များနှင့်ပတ်သက်၍ သက်သေထွက်ဆိုလိုပါကလည်း ကော်မရှင်ထံ ကြိုတင်အသိပေးကာ ကော်မရှင်အနေဖြင့် နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်မည့် အချိန်နှင့်နေရာကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌဟောင်း ဦးမြသိန်း၊ လူသားချင်းစာနာထောက်ထားမှု ကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးဟောင်း၊ ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်း သံအမတ်ကြီးကင်ဇိုအိုရှီးမား၊ ယူနီဆက် အဆင့်မြင့်အရာရှိကြီးဟောင်းနှင့် ကုလသမဂ္ဂဝန်ထမ်းကောလိပ်ကျောင်းအုပ်ကြီးဟောင်း ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်တို့ တက်ရောက်ကြသည်။

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၈ ခုနှစ် ဩဂုတ် ၁၅ ရက်ရက်စွဲ နိုင်ငံတော်သမ္မတရုံးအမိန့်ကြေညာစာအမှတ် ၆၁/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ARSA အဖွဲ့မှ ရခိုင်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက်ပိုင်း ဖြစ်ပွားလာသည့် လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များနှင့် ယင်းနှင့် ဆက်စပ်သောကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန်၊ ကော်မရှင်အနေဖြင့် တာဝန်ရှိမှုကို စုံစမ်းဖော်ထုတ်ရန်နှင့် ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးရရှိစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စပ်လျဉ်း၍ အကြံပြုချက်များပေးရန် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ချောင်းမကြီးရေလှောင်တမံ ဆည်ရေသောက်စနစ်ပြုပြင်မှုများကို ၂၀၁၉ ဇန်နဝါရီလတွင် ဆောင်ရွက်သွားမည်

**ပျော်ဘွယ် ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ရှိ ဗောဓိကုန်းကျေးရွာအနီးရှိ ချောင်းမကြီးရေလှောင်တမံ ဆည်ရေသောက်စနစ်ရှိ မြောင်းများကို လက်ရှိရေပေးဝေနေသည့် ရေပမာဏထက် ပိုမိုပေးဝေနိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေဖြင့် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိတ္ထီလာခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းထွန်းက ပြောသည်။

အဆိုပါ ချောင်းမကြီးရေလှောင်တမံ ဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းသည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းဆည်ရေသောက်စနစ် ၁၁ ခု အနက် တစ်ခုအပါအဝင်ဖြစ်၍ ပြည်ပမှ နည်းပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ချောင်းမကြီးရေလှောင်တမံ ဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းမှာ လက်ဝဲတူးမြောင်းမကြီး၊ လက်ယာတူးမြောင်းမကြီးနဲ့ ရေပေးအဆောက်အအုံများ ဆည်ရေသောက်ဧရိယာ ဧက ၇၅၀၀ ကျော်ကို ယခင်ကထက် ဆည်ရေအပြည့်အဝပေးဝေနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် တင်ဒါတွေလည်း ခေါ်ယူဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ပြုပြင်ခြင်းလုပ်ငန်းတွေအပြင် ဆည်ရေသောက်တောင်သူတွေကို အစုအဖွဲ့လိုက် စနစ်တကျဖွဲ့စည်းပြီး ပညာပေးခြင်းလုပ်ငန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။



အဆိုပါချောင်းမကြီးရေလှောင်တမံ ဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ပေးနိုင်ခြင်းဖြင့် တောင်သူများ၏ စိုက်ကွင်းအတွင်းသို့ ဆည်ရေပေးဝေရာတွင် မြောင်းအဆုံး၊ မြောင်းအဖျားအထိ ဆည်ရေ အပြည့်အဝ ပေးဝေနိုင်မည်ဖြစ်သဖြင့် တောင်သူများအတွက် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**





# ၂၀၁၈ ခုနှစ်(ခရစ္စမတ်)အကြို Christmas Opera Musical ပွဲတော်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၁၈ ခုနှစ်(ခရစ္စမတ်)အကြို Christmas Opera Musical ပွဲတော်ကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

ပွဲတော်သို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ ဇနီး ဒေါ်ရင်မေ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးတွာလ်ကျင်ပေါင်၊ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်ပရိသတ်များ တက်ရောက်အားပေးကြသည်။ **(အပေါ်ပုံ)**

**နှုတ်ခွန်းဆက်စကားပြောကြား**

ပွဲတော်တွင် နေပြည်တော် ခရစ်ယာန်ဂိုဏ်းပေါင်းစုံအသင်း ဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဦးတင်မောင်အေးက ကျေးဇူးတင် စကားပြောကြားခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများအတွက် မေတ္တာပို့ဆုတောင်းပေးပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် Mind Education Professor များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပွဲတော်တွင် ကိုရီးယားယဉ်ကျေးမှုအက၊ တောင်အမေရိက အကနှင့် နာမည်ကျော်တေးသီချင်းများကို သီဆိုဖျော်ဖြေတင်ဆက်ကြပြီး Prof. Sung Hwan Kim က Mind Lecture ကို ဟောပြောခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန် ကြီးဦးအုန်းဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ (ဝဲပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် တရုတ်-မြန်မာ ချစ်ကြည်ရေး သစ်တောစိုက်ခင်းစီမံကိန်း ဆက်လက်အကောင်အထည်ဖော်နိုင်ရေး၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ သတ္တုလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းသက်သာစေရန်အတွက် ဆောင်ရွက်နိုင်ရေး၊ စီမံကိန်းဖော်ဆောင်ရာတွင် ဒေသခံပြည်သူများ အကျိုးဖြစ်ထွန်းစေရေး၊ သတ္တုတွင်းထွက်ကုန်ကြမ်းပစ္စည်းများကို တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာအထောက်အပံ့များပေးနိုင်ရေး၊ အနာဂတ်ကာလတွင် ရင်းနှီးပွင့်လင်းစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသမီးလိဂ်ပြိုင်ပွဲ အား/ကာ ဦးစီးဌာနနှင့် မြဝတီအသင်းအနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) ပထမနှင့် ဒုတိယနေ့ကို ဒီဇင်ဘာ ၁၁၊ ၁၂ ရက်က အောင်ဆန်းကွင်း၌ ကျင်းပရာ အား/ကာ ဦးစီးဌာနအသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်း နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

အား/ကာ ဦးစီးဌာနအသင်းသည် ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မြဝတီအသင်းက ဂန္ဓမာအသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အား/ကာ ဦးစီးဌာနအသင်းသည် နိုင်ပွဲဆက်နိုင်ရေးကြိုးပမ်းသလို အဖွင့်ပွဲတွင် သရေကျထားသည့် ဇွဲကပင်အသင်းမှာလည်း ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သည်။ နှစ်သင်းစလုံး ခြေစွမ်းအရကွာခြားမှုမရှိသောကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ပွဲပြီးခါနီးမှ အနိုင်ဂိုးရခဲ့သည်။ အား/ကာ ဦးစီးဌာနအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၈၆ မိနစ်တွင် ဆုပြည့်ပြည့်ကျော်က သွင်းယူခဲ့သည်။ ဇွဲကပင်အသင်းသည် ရာသီအစတွင် မထင်မှတ်ဘဲ ရှုံးပွဲဆက်ခဲ့ပြီး အား/ကာ ဦးစီးဌာနအသင်းမှာမူ နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။ ပထမပွဲတွင် ကျဉ်းမြောင်းသည့်ဂိုးရလဒ်ဖြင့်သာ အနိုင်ရထားသည့် မြဝတီအသင်းသည် ယခုပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူခဲ့သည်။ မြဝတီအသင်းအတွက် ဂိုးများကို ၈၊ ၂၆၊ ၇၅ မိနစ်တွင် ပန်းအိခိုင်၊ ၁၆ မိနစ်တွင် လှယဉ်ဝင်း၊ ၃၁၊ ၆၃ မိနစ်တွင် ခိုင်သဇင်၊ ၄၄ မိနစ်တွင် ဇင်မာထွန်း၊ ၇၃ မိနစ်တွင် ခင်သန်းဝေ၊ ၈၃ မိနစ်တွင် အိစန္ဒာဇော်၊ မိနစ် ၉၀ တွင် အေးမျိုးမြတ်တို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၂) တတိယနေ့ကို ဒီဇင်ဘာ ၁၃ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အား/ကာ သိပ္ပံအသင်းနှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

# နှစ်နိုင်ငံ သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကိုယ်စားလှယ်အဖွဲ့ နီပေါသို့ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

နီပေါနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံ သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက နီပေါနိုင်ငံသို့ ထွက်ခွာသွားသည်။

ခရီးစဉ်အတွင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် နီပေါနိုင်ငံ သတင်းမီဒီယာကောင်စီတို့သည် နှစ်နိုင်ငံ သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးသွားမည်ဖြစ်သည်။



လက်ရှိတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် ထိုင်းနိုင်ငံ သတင်းမီဒီယာကောင်စီ၊ အိန္ဒိယနိုင်ငံ သတင်းမီဒီယာကောင်စီတို့နှင့် နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ပြီး ယခုအခါ နီပေါနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ရေးထိုးမည်ဖြစ်သည်။

နီပေါနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌသည် ကမ္ဘာ့သတင်းမီဒီယာကောင်စီတွင် ဒုတိယဥက္ကဋ္ဌတာဝန်ယူနေသူဖြစ်သည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ကိုယ်စားလှယ်အဖွဲ့တွင် ဥက္ကဋ္ဌ ဦးအုန်းကြိုင်(ဟံသာဝတီ)နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်၊ ကောင်စီဝင်များဖြစ်သည့် ဦးဇင်လင်း၊ ဦးချစ်ဝင်းမောင်၊ ဒေါ်သင်းသင်းသာတို့ လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန (၇၇)နှစ်ပြည့် စာတမ်းဖတ်ပွဲ၊ ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို ရုပ်တုဖွင့်ပွဲအခမ်းအနားများ ကျင်းပမည်



**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တောင်ပူဆောင် မြန်မာစာခန်းမ၌ မြန်မာအမျိုးသား ပထမဆုံး ကျောင်းအုပ်ကြီး၊ မြန်မာစာဌာနကို တက္ကသိုလ်၌ ဘာသာရပ်ဆိုင်ရာ ဌာန တစ်ခုအဖြစ် စတင်ဖွင့်လှစ်ပေးခဲ့သူ ဆရာကြီး ဦးဖေမောင်တင်အား လေးစားဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ရုပ်တုဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီ မိနစ်၃၀ တွင် ကျင်းပမည်ဖြစ်သည်။

**ကျင်းပမည်**

မြန်မာစာဌာန (၇၇)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် "မြန်မာစာသင်ကြားရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ"ကို ဒီဇင်ဘာ ၂၀ နှင့် ၂၁ ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ကျင်းပမည်ဖြစ်သည်။

မြန်မာစာမိသားစု အာစရိယပူဇော်ပွဲကို တက္ကသိုလ်ဓမ္မာရုံ၌ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်တက္ကသိုလ် အဓိပတိလမ်း သစ်ပုပ်ပင်မြက်ခင်းပြင်တွင် မိတ်ဆုံစားပွဲနှင့် ဖျော်ဖြေပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပထမအကြိမ် ကိုရီးယား - မြန်မာ ရုပ်ရှင်ပွဲတော် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပထမအကြိမ် ကိုရီးယား - မြန်မာ ရုပ်ရှင်ပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံမှ Bittersweet Night (ကိုရီးယားဇာတ်လမ်းတို)ကို Yangon Water Boom ၌ ညနေ ၅ နာရီမှ စတင်ပြသသွားမည်ဖြစ်သည်။

အလားတူ ဒီဇင်ဘာ ၁၅ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံမှ Pandora, The King, A Taxi Driver နှင့် မြန်မာနိုင်ငံမှ တိမ်တိုက်တံတား၊ ဒီဇင်ဘာ ၁၆ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံမှ Pandora, The King, A Taxi Driver နှင့် မြန်မာနိုင်ငံမှ နေဝင်အိပ်တန်းတက်တို့ကို နံနက် ၁၀ နာရီမှစတင်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ပြသသွားမည့်အပြင် The Listening Eye (မြန်မာဇာတ်လမ်းတို)ကို ညနေ ၅ နာရီတွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တွင် Fujifilm X Mas အထူးဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

Fujifilm X Mas Special Sales 2018 ပွဲကို ရန်ကုန်မြို့ ပြည်လမ်း ကမာရွတ်မြို့နယ်ရှိ ဂျန်းရှင်းစကွဲတွင် ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်ရက်အတွင်း နေ့စဉ် နံနက် ၉ နာရီမှစတင်ကာ ကံစမ်းမဲများ၊ အထူးလက်ဆောင်များ၊ အထူးပရိုမိုးရှင်းများ၊ အထူးအစီအစဉ်များဖြင့် ခင်းကျင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**






# ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ နောက်ဆုံးနေ့ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို (၉၈)နှစ်မြောက် အထိမ်းအမှတ် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိရာ ယနေ့ နောက်ဆုံးနေ့တွင် ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင်တို့ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"ရန်ကုန်တက္ကသိုလ်မှာ သိပ္ပံပွဲခင်းရှိမယ်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် စာအုပ်ပြပွဲနဲ့ စာအုပ်ဈေးရောင်းပွဲတော်ရှိမယ်။ ခေတ်အဆက်ဆက်က ကျော်ကြားခဲ့တဲ့ စာရေးဆရာကြီးတွေကို ယနေ့ လူငယ်တွေ မသိကြဘူး။ သူတို့တွေ သိစေချင်တယ်။ ပြန့်ပွားစေချင်တယ်။ ယဉ်ကျေးမှုတွေကနေ သုတ၊ ရသထိအောင် ပြန့်ပွားစေချင်တယ်။ အဲဒီရည်ရွယ်ချက်တွေနဲ့ စာကြည့်တိုက်စာအုပ်ပြပွဲကို ပြသတာပါ" ဟု ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူး ဒေါက်တာလှိုင်လှိုင်ကြီးက ပြောသည်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် စာအုပ်ပေါင်း တစ်သိန်းကျော်ထားရှိပြီး စာဖတ်ရှုနိုင်ရန်အတွက် သင့်အနေဖြင့် ဇွန်လမှ စက်တင်ဘာလ ကျောင်းဖွင့်ကာလတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိလည်းကောင်း၊ ဒီဇင်ဘာလမှ မတ်လအထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိလည်းကောင်း ဖွင့်လှစ်ထားရှိသည့်နည်းတူ စနေနေ့တွင်လည်း နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ စာအုပ်စာပေ ဖတ်ရှုနိုင်ရန် အချိန်တိုးမြှင့်ဖွင့်လှစ်ထား၍ စာပေလေ့လာဖတ်ရှုမှု တိုးမြင့်လာကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်တွင် နိုင်ငံတကာမှ စာအုပ်စာပေများနှင့် ပြည်တွင်းမှ ထွက်ရှိသော ပညာရပ်ဆိုင်ရာစာအုပ်များ၊ သုတ၊ ရသစာအုပ်မျိုးစုံနှင့် သုတေသနအတွက် ကျမ်းပြုနိုင်ရန် နိုင်ငံတကာ၏ အွန်လိုင်းဒေတာဗေ့စ်များထားရှိကာ ဝက်ဘ်ဆိုက်အတွင်းမှ e.Book ပေါင်း တစ်သိန်းလေးသောင်းကျော်နှင့် စကောလားလင်းဂျာနယ်အမျိုးပေါင်း တစ်သောင်းကျော်ကို အွန်လိုင်းစာကြည့်တိုက်သဖွယ် ရှာဖွေကြည့်ရှုနိုင်ရန် ထားရှိပေးထားခြင်းကြောင့် ကျောင်းသား ကျောင်းသူတို့အတွက် သင်ရိုးညွှန်းတမ်းနှင့် သုတေသီများကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် စာအုပ်ပြပွဲတွင် ရှားပါးမြန်မာစာအုပ်များ၊ ပြည်ပနိုင်ငံများမှ မြန်မာပြည်အကြောင်း ရေးသားထားသော စာအုပ်များ၊ မြန်မာပြည်မှ ထင်ရှားကျော်ကြားသော စာရေးဆရာကြီးများ၏ အတ္ထုပ္ပတ္တိနှင့် လက်ရေးမူများ၊ စာစုစာရင်းများ၊ ရန်ကုန်တက္ကသိုလ်မှ ခေတ်အဆက်ဆက်ထုတ်ဝေခဲ့သော နှစ်လည်မဂ္ဂဇင်း၊ ပို့စကတ်တို့ကို ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည့်နည်းတူ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ရှေ့နှင့် သစ်ပုပ်ပင်အနီးတွင် ခင်းကျင်းပြသလျက်ရှိသော စာအုပ်ဈေးရောင်းပွဲတော်တွင်လည်း ဆိုင်ခန်းပေါင်း ၁၂၀ ကျော်မှ ရသမျိုးစုံစာအုပ်စာပေတို့ကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလျက်ရှိကာ ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို (၉၆)နှစ်မြောက်မှ ယခု (၉၈)နှစ်မြောက်ထိ သုံးနှစ်မြောက်ပြသခြင်းဖြစ်ကြောင်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**



ရန်ကုန်တက္ကသိုလ် စာကြည့်တိုက် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ နောက်ဆုံးနေ့တွင် စာအုပ်များ ရွေးချယ်ဝယ်ယူနေကြသည်ကို တွေ့ရစဉ်။




# ဗီယက်နမ်ကုန်စည်ပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ဗီယက်နမ်ကုန်စည်ပြပွဲ (မြန်မာ) ၂၀၁၈ ကို ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ပြပွဲတွင် ဗီယက်နမ်နိုင်ငံထုတ်ကုန်ပစ္စည်းမျိုးစုံကို ခင်းကျင်းပြသထားမည့်အပြင် ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများလည်း ရရှိနိုင်သည့်ပြပွဲဖြစ်ကြောင်း သိရသည်။ **သန်းထိုက်**






(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ
အားကစားပြိုင်ပွဲ - ၂၀၁၈
ဒီဇင်ဘာ ၁၀-၁၉
ဆုတံဆိပ်ရရှိမှု

ရက်စွဲ - ၁၂-၁၂-၂၀၁၈

| အဆင့် | နိုင်ငံအမည် | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄ | ၉ | ၈ | ၃၁ |
| ၂။ | ထိုင်း | ၁၁ | ၉ | ၁၀ | ၃၀ |
| ၃။ | မလေးရှား | ၉ | ၁၂ | ၁၀ | ၃၁ |
| ၄။ | မြန်မာ | ၈ | ၆ | ၈ | ၂၂ |
| ၅။ | စင်ကာပူ | ၃ | ၂ | ၃ | ၈ |
| ၆။ | လာအို | ၂ | ၄ | | ၆ |
| ၇။ | ဘရူနိုင်း | | | | ၀ |
| ၈။ | ကမ္ဘောဒီးယား | | | | ၀ |
| ၉။ | ဖိလစ်ပိုင် | | | | ၀ |
| ၁၀။ | တီမောလက်စ်တေ | | | | ၀ |
| ၁၁။ | ဗီယက်နမ် | | | | ၀ |
| စုစုပေါင်း | | ၄၇ | ၄၂ | ၃၉ | ၁၂၈ |

# (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများတွင် ဆက်လက်ကျင်းပသည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့နံနက် ၉ နာရီမှ စတင်၍ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ တင်းနစ်၊ ဘော်လီဘော၊ စစ်တုရင်၊ ဘောလုံးနှင့်ရေကူးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ပြိုင်ပွဲများ၌ အားကစားဝါသနာရှင် ပြည်သူများကလည်း အားကစားစိတ်ဓာတ်အပြည့်ဖြင့် လာရောက်အားပေးကြသည်ကို တွေ့ရသည်။

**မျိုးသူဟိန်း**



ဘော်လီဘောပြိုင်ပွဲ စင်ကာပူနှင့်အင်ဒိုနီးရှားယှဉ်ပြိုင်နေစဉ်။

# အရှေ့တောင်အာရှ တက္ကသိုလ်များ ကြက်တောင်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နေပြည်တော်၌ ကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ ကြက်တောင်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲစတုတ္ထနေ့တွင် တစ်ဦးချင်း၊ နှစ်ယောက်တွဲနှင့် အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ ကျင်းပခဲ့ပြီး မြန်မာကြက်တောင်ကစားသမားများမှာ ပြိုင်ပွဲတိုင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

တစ်ဦးချင်းအမျိုးသမီးပြိုင်ပွဲတွင် မြန်မာ ကြက်တောင်အားကစားမယ် သက်ထားသူဇာသည် စင်ကာပူကစားသမားကို နှစ်ပွဲပြတ်အနိုင်ရပြီး ထိုင်းကစားသမားကို နှစ်ပွဲ-တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် အာကာဖုန်းမြတ်က လာအိုကစားသမားကို နှစ်ပွဲပြတ်အနိုင်ရခဲ့သည်။ သက်ထားသူဇာသည် အောက်တိုဘာလက ကျင်းပသည့် အီဂျစ်နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲတွင် ရွှေဆုရခဲ့သူဖြစ်ပြီး ယခုအရှေ့တောင်အာရှတက္ကသိုလ်များပြိုင်ပွဲမကျင်းပမီက ကျင်းပသည့် နီပေါနိုင်ငံတကာဖိတ်ခေါ် ပြိုင်ပွဲတွင် ငွေတံဆိပ်ရခဲ့သူဖြစ်သည်။

အခြားတစ်ဦးချင်း၊ နှစ်ယောက်တွဲနှင့် အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် မြန်မာကစားသမားများ ရှုံးပွဲ ကြုံတွေ့ခဲ့သည်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယမန်နေ့က ကျင်းပသည့် အသင်းလိုက်ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ ထိုင်းအသင်းက ရွှေတံဆိပ်၊ မလေးရှား အသင်းက ငွေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ကြေးတံဆိပ်၊ အမျိုးသမီးပြိုင်ပွဲ၌ မလေးရှားက ရွှေတံဆိပ်၊ ထိုင်းက ငွေတံဆိပ်၊ အင်ဒိုနီးရှားက ကြေးတံဆိပ်ရခဲ့သည်။

**ညီမြတ်သော်တာ**

# မြန်မာတက္ကသိုလ် တင်းနစ်အသင်း ကြေးတံဆိပ်နှစ်ခု ဆွတ်ခူး

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ ကျင်းပရာ မြန်မာအသင်းက ကြေးတံဆိပ်နှစ်ခု ရရှိခဲ့သည်။

ပြိုင်ပွဲစတုတ္ထနေ့တွင် အသင်းလိုက်နှင့် အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲများ ကျင်းပခဲ့သည်။ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ တတိယနေရာလုပွဲတွင် မြန်မာအသင်းက မလေးရှားအသင်းကို အနိုင်ရပြီး ကြေးတံဆိပ်ရခဲ့သည်။ ယင်းပြိုင်ပွဲတွင် ထိုင်းက ရွှေတံဆိပ်၊ စင်ကာပူက ငွေတံဆိပ်ရခဲ့သည်။

အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ စင်ကာပူအသင်းက ငွေတံဆိပ်နှင့် မြန်မာအသင်းက ကြေးတံဆိပ်ရခဲ့သည်။

အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းက ဆုတံဆိပ်နှင့် လွဲချော်ခဲ့ပြီး ထိုင်းအသင်းက ရွှေတံဆိပ်၊ မလေးရှားအသင်းက ငွေတံဆိပ်နှင့် စင်ကာပူအသင်းက ကြေးတံဆိပ်ရခဲ့သည်။

**ညီမြတ်သော်တာ**

# ပိုက်ကျော်ခြင်း နှစ်ယောက်တွဲ အသင်းလိုက် ပြိုင်ပွဲတွင် မြန်မာအသင်းအနိုင်ရ




**နေပြည်တော် ဒီဇင်ဘာ ၁၂**

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ ပိုက်ကျော်ခြင်းအားကစားနည်း ပထမပွဲစဉ်ဖြစ်သည့် နှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းမှစ၍ ကျင်းပရာ အိမ်ရှင်မြန်မာအသင်း နိုင်ပွဲရရှိခဲ့သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် အဖွင့်ပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ရာ **(အပေါ်ပုံ)** သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အသင်းလိုက်ပြိုင်ပွဲဖြစ်သောကြောင့် သုံးသင်းဖြင့် ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို ပထမပွဲတွင် ၂၁- ၁၇ မှတ်၊ ၁၆-၂၁ မှတ်၊ ၂၁-၁၅ မှတ်၊ ဒုတိယပွဲတွင် ၂၁-၁၆ မှတ်၊ ၂၁-၁၃ မှတ်၊ တတိယပွဲတွင် ၂၁-၁၆ မှတ်၊ ၂၁-၁၂ မှတ်ဖြင့် အနိုင်ရခဲ့သည်။ အခြားပွဲများ တွင် ထိုင်းအသင်းက နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး လာအိုအသင်းကို သုံးပွဲ-ပွဲမရှိ၊ မလေးရှား အသင်းကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရခဲ့သည်။

အမျိုးသား နှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် လာအိုတို့ ယှဉ်ပြိုင်နေပြီး ငါးသင်းပတ်လည်စနစ်ဖြင့် ကျင်းပနေကာ အမှတ်အများဆုံးအသင်း ရွှေတံဆိပ်ရမည်ဖြစ်သည်။ အုပ်စုဒုတိယနေ့ကို ဒီဇင်ဘာ ၁၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် မြန်မာနှင့် မလေးရှား၊ နံနက် ၁၁ နာရီတွင် ထိုင်းနှင့်အင်ဒိုနီးရှား၊ မွန်းလွဲ ၂ နာရီတွင် လာအိုနှင့် မလေးရှား၊ ညနေ ၅ နာရီတွင် မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**


ထောက်လှနစ်ယောက်တွဲအမျိုးသားအတိုက်ပြိုင်ပွဲတွင် ငွေဆုရ မြန်မာကစားသမားများနှင့် ရွှေဆုရ ထိုင်းကစားသမားများကို တွေ့ရစဉ်။ ဓာတ်ပုံ-ကိုကိုစိုးညွန့်

# အရှေ့တောင်အာရှတက္ကသိုလ်များ ပြိုင်ပွဲ၏ ဝူရှူးပြိုင်ပွဲပြီးဆုံးခဲ့ပြီး မြန်မာအသင်း နိုင်ငံအလိုက် ပထမနေရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များအားကစားပြိုင်ပွဲ၏ ဝူရှူးပြိုင်ပွဲနောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ မြန်မာဝူရှူးအဖွဲ့က နိုင်ငံအလိုက် ပထမနေရာ ရရှိခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့တွင် မြန်မာဝူရှူးအဖွဲ့က ငွေနှစ်ခု၊ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။ အမျိုးသမီးချန်းစုနှင့် ကျန်းစုပြိုင်ပွဲနှစ်ခုပေါင်းတွင် အီရင်ဖောင်(မလေးရှား)က ၁၉ ဒသမ ၂၂ မှတ်ဖြင့် ရွှေတံဆိပ်၊ စန္ဒီဦး (မြန်မာ) က ၁၉ ဒသမ ၂၁ မှတ်ဖြင့် ငွေတံဆိပ်၊ ပန်ပူရီ (မလေးရှား) က ၁၉ ဒသမ ၀၇ မှတ်ဖြင့် ကြေးတံဆိပ်ရခဲ့သည်။ စန္ဒီဦးသည် ပြိုင်ပွဲ ပထမနေ့တွင် ထိပ်ဆုံးမှ ဦးဆောင်ခဲ့သလို ဒုတိယနေ့တွင် ၉ ဒသမ ၆၀ မှတ်သာ ရယူနိုင်ပြီး ပထမနေ့တွင် ၉ ဒသမ ၆၀ မှတ်ရခဲ့သည့် အီရင်ဖောင်က ဒုတိယနေ့တွင် ၉ ဒသမ ၆၂ မှတ် ရယူနိုင်ခဲ့သောကြောင့် ဒသမ ၁ အသာဖြင့် ရွှေဆုရခဲ့ခြင်းဖြစ်သည်။ နောက်ထပ်ငွေတံဆိပ်ဆုကို အမျိုးသားနှစ်ယောက်တွဲ အတိုက်ပြိုင်ပွဲမှ ပြည့်စုံကိုကိုနှင့် ကောင်းမြတ် သူအတွဲက **(ဝဲပုံ)** ရရှိခဲ့သည်။ ကြေးတံဆိပ်ဆုကို အမျိုးသမီး အတွဲအတိုက်ပြိုင်ပွဲမှ ခိုင်ဇင်သက်နှင့် နှင်းသီရိမောင် အတွဲက ရရှိခဲ့သည်။




ဝူရှူးပြိုင်ပွဲပြီးဆုံးသွားပြီဖြစ်ပြီး မြန်မာအသင်းက ရွှေခြောက်ခု၊ ငွေငါးခု၊ ကြေးငါးခုဖြင့် ပထမနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ မြန်မာအသင်းနောက်တွင် မလေးရှားအသင်းက ရွှေလေးခု၊ ငွေခုနစ်ခု၊ ကြေးလေးခု၊ ထိုင်းအသင်းက ရွှေလေးခု၊ ငွေနှစ်ခု၊ ကြေးတစ်ခု၊ အင်ဒိုနီးရှားအသင်းက ရွှေလေးခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု၊ စင်ကာပူအသင်းက ရွှေသုံးခု၊ ကြေးနှစ်ခု၊ လာအို အသင်းက ရွှေတစ်ခု၊ ငွေနှစ်ခုရခဲ့သည်။

မြန်မာဝူရှူးအဖွဲ့အတွက် ဆုများကို အေးသန္တာမြင့်က ရွှေတစ်ခု၊ ငွေတစ်ခု၊ ငြိမ်းချမ်းကိုကို၊ မြတ်နိုးအိမ်၊ နိုင်းတန်၊ နီနီအေးနှင့် နန်းချယ်ရီခမ်းတို့က ရွှေတစ်ခုစီ၊ ခန့်မင်းထက်၊ ခိုင်ဇင်သက်၊ စန္ဒီဦးတို့က ငွေတစ်ခုစီ၊ ထောက်လှအတွဲအတိုက်ပြိုင်ပွဲမှ ငွေတစ်ခု၊ ဆောင်းနှင်းထက်၊ ဟိန်းသီရိ၊ အောင်ကောင်းမြတ်နှင့် ငြိမ်းငြိမ်းထွန်းတို့က ကြေးတစ်ခုစီ၊ ထောက်လှအတွဲအတိုက်ပြိုင်ပွဲမှ ကြေးတစ်ခုတို့ ရရှိခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ကိုကိုစိုးညွန့်**

# အရှေ့တောင်အာရှ တက္ကသိုလ်များအားကစားပြိုင်ပွဲ အမျိုးသားဘော်လီဘော ဆီမီးတွင် မြန်မာနှင့်ထိုင်း၊ အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများကို ဒီဇင်ဘာ ၁၃ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာနှင့် ထိုင်း၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားအသင်းတို့ တွေ့ဆုံလျက်ရှိသည်။

အုပ်စုပွဲစဉ်များမှာ ဒီဇင်ဘာ ၁၂ ရက်က ပြီးဆုံးခဲ့ပြီး အုပ်စု (က) တွင် ဖိလစ်ပိုင်အသင်းက နှစ်ပွဲနိုင်ဖြင့် အုပ်စုပထမ၊ ထိုင်းအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယ၊ အုပ်စု (ခ) တွင် မြန်မာအသင်းက နှစ်ပွဲနိုင်ဖြင့် အုပ်စုပထမ၊ အင်ဒိုနီးရှားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ယနေ့ကျင်းပသည့် အုပ်စုနောက်ဆုံးပွဲတွင် ဖိလစ်ပိုင်က မလေးရှားကို သုံးပွဲ-တစ်ပွဲ၊ အင်ဒိုနီးရှားက စင်ကာပူကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲများအဖြစ် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား၊ မွန်းလွဲ ၂ နာရီတွင် မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ထို့ပြင် အမျိုးသမီးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲကိုလည်း ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ထိုင်းအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၁၃-၁၂-၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ပညာရေးစကားဝိုင်း "အမျိုးသားပညာရေးမူဝါဒ ကော်မရှင်၏ ဆောင်ရွက်ချက်များ"(အပိုင်း-၂)
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၃၃)
- ၁၅း၃၀ - "လူလူလူ လူသည် ရောင်းကုန်မဟုတ်ပါ"

**ညပိုင်း**

- ၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၂၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၃၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "အနာကြီးရောဂါတိုက်ဖျက်ရေး စကားဝိုင်း"
- "(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ အစီအစဉ်"
- မြန်မာဇာတ်လမ်းတွဲ "မော်လမြိုင်ရဲ့ည" (အပိုင်း-၁)

# မောင်တောမြို့နယ်တွင် ကျပ်သိန်းပေါင်း ၅၈၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မောင်တော ဒီဇင်ဘာ ၁၂**

မောင်တောမြို့၌ ဒီဇင်ဘာ ၁၁ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က မူးယစ်တပ်ဖွဲ့စု(၄၆) မှ ရဲအုပ်အောင်ကျော်စိုးနှင့် ပူးပေါင်းအဖွဲ့သည် ရွှေဇားကျေးရွာအုပ်စု ကန်ဘဲ့ရွာနေ ကာမာ(ကျား) (၅၃) နှစ်၏ ပုစွန်ကန်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဝှက်သိမ်းထားကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ ပုစွန်ကန်ပေါင်ရိုး ရေလွှဲမြောင်းအတွင်းတွင် မြေကျင်းတူး၍ ဝှက်ထားသော WY/R စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားတစ်ထုပ်လျှင် ၉၇၅၀ စီပါ စုစုပေါင်းဆေးပြား ၂၉၂၅၀၀၊ ဒေသကာလ တန်ဖိုးတစ်ပြားလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် သိန်းပေါင်း ၅၈၅၀ သိမ်းဆည်းရမိခဲ့ပြီး ရဲအုပ်အောင်ကျော်စိုးက ရှာဖွေပုံစံဖြင့် ရေးသွင်းကာ အမှုဖွင့်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တာချီလိတ်တွင် မြန်မာနိုင်ငံသား နှစ်ဦးနှင့် ထိုင်းနိုင်ငံသား လေးဦးတို့ မောင်းနှင်လာသော မော်တော်ယာဉ်ပေါ်မှ လက်နက်ခဲယမ်းများဖမ်းမိ

**တာချီလိတ် ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြန်မာနိုင်ငံသား နှစ်ဦးနှင့် ထိုင်းနိုင်ငံသား လေးဦးတို့ မောင်းနှင်လာသော မော်တော်ယာဉ်ပေါ်မှ လက်နက်နှင့် ခဲယမ်းများကို ဒီဇင်ဘာ ၁၁ ရက် ညနေပိုင်းက ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၁ ရက် ညနေ ၅ နာရီခန့်က ရဲအုပ်ကိုကို ဦးစီးသော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ လွယ်တော်ခမ်းအုပ်စု လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်ရှေ့ လမ်းမပေါ်တွင် ရှောင်တခင်ပိတ်ဆို့ရှာဖွေ စစ်ဆေးနေစဉ် မိုင်းဆတ်ဘက်မှ တာချီလိတ်ဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်မောင်းမှာ စိုင်းဆိုင်း (၅၀ နှစ်) ဖြစ်ပြီး ရှေ့ခေါင်းခန်းတွင် ကျော်စိန် (၄၄ နှစ်) ထိုင်ကာ နောက်ခန်းတွင် ထိုင်းနိုင်ငံသားလေးဦး လိုက်ပါခဲ့ကြောင်း၊ ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်နှင့် လူများကို ရှာဖွေရာ ထိုင်းနိုင်ငံသား Mr.Somchai Maha Frannoon လွယ်ထားသော အိတ်အတွင်းမှ ပစ္စတိုသေနတ်တစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ကျည် ၁၀ တောင့်၊ Mr.Thanatip လွယ်ထားသော အိတ်အတွင်းမှ Pietro Beretta (PB) အမျိုးအစား 1182673Z နံပါတ်ပါ ပစ္စတိုသေနတ်တစ်လက်၊ ယင်းကျည်တစ်ခု၊ ၉ မမ လူဂါ ကျည် ၁၂ တောင့်နှင့် Pietro Beretta(PB) အမျိုးအစား G25320Z နံပါတ်ပါ ပစ္စတိုသေနတ်တစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ၉ မမ လူဂါ ကျည် ၁၂ တောင့်တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အမှုမှ တရားမဝင် လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသူများကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မူလတန်းပြဆရာမကို ထိုးကြိတ်ကာ အဓမ္မပြုကျင့်ပြီး သတ်သူအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်နေ ဦး----(၅၃)နှစ်သည် ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက နေအိမ်၌ရှိနေစဉ် တောင်ရွာကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ရန်သွားသည့် သမီးဖြစ်သူ မ----(၂၇)နှစ် (မူလတန်းပြဆရာမ) သည် မွန်းတည့် ၁၂ နာရီအထိ ကျောင်းသို့ရောက်ရှိလာခြင်းမရှိကြောင်း ကျောင်းအုပ်ဆရာမကြီးက အကြောင်းကြားသဖြင့် လိုက်လံရှာဖွေရာ အချွန်ပြင်ကျေးရွာအနီး ကားလမ်းမဘေးရှိ ချောက်ထဲ၌ မ-----အား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသောကြောင့် အရေးယူပေးရန် တိုင်တန်းချက်အရ လေးတောင်နယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် စုံစမ်းနေစဉ် မာန်အောင်မြို့နယ် နတ်ပြင်ကျေးရွာနေ ရွှေထူး(ခ)အေးချမ်း(၂၁)နှစ်ကို မသင်္ကာ၍ စစ်ဆေးရာ ၎င်းသည် မ-----ကို ရည်းစားစကားသုံးကြိမ်ခန့်လိုက်လံပြောဆိုခဲ့သော်လည်း လက်မခံခဲ့ကြောင်း၊ အခင်းဖြစ်နေ့တွင်လည်း မ---- ကျောင်းသို့သွားသည့်လမ်းတွင်ရည်းစားစကားထပ်မံပြောဆိုခဲ့ရာ မ----က လက်မခံဘဲ ပါးတစ်ချက်ရိုက်၍ စိတ်ဆိုးပြီး မ-----၏မျက်နှာအား လက်သီးဖြင့်ထိုးခဲ့ကြောင်း၊ မ----မှာ လမ်းဘေးရှိ ချောက်ထဲသို့ပြုတ်ကျသွားစဉ် ရွှေထူး(ခ)အေးချမ်း က အဓမ္မပြုကျင့်ပြီး လည်ပင်းကို လက်ဖြင့် ညှစ်သတ်ကာ မ----၏ ရွှေနားကပ်တစ်ရံ၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို ယူဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ သိရသည်။

**ရဲပြန်ကြား**

# စစ်တွေမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

စစ်တွေမြို့နယ် ရေချမ်းပြင်ဆိပ်ကမ်း၌ ဒီဇင်ဘာ ၁၁ ရက်က ပူးပေါင်းအဖွဲ့မှ သတင်းအရ ရပ်ထားသော ထွန်းဝင်း(ခ) သိန်းထွန်း(၄၄)နှစ် နာရီကန်ကျေးရွာနေသူ မောင်းနှင်သည့် ၄ဟ/------ သုံးဘီးဆိုင်ကယ်ကို စစ်ဆေးရာ ရွှေဝါဆပ်ပြာ ၃၃ ထုပ်အတွင်းမှ WY/R စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၀၀ ဖမ်းဆီးရမိခဲ့သဖြင့် စစ်တွေမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ကွင်းဆက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပင်လောင်း၊ ဟိုပုံး၊ ဆီဆိုင်၊ လွိုင်လင်၊ လဲချားမြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပင်လောင်းမြို့နယ် ဝါးပြုံးကျေးရွာ အရှေ့မြောက်ဘက်နှစ်မိုင်ခန့်အကွာ၌ ဒီဇင်ဘာ ၁၁ ရက်က ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က အမြင့်နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၁၈ ဧကခန့်ကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ဟိုပုံးမြို့နယ် နောင်စုံကျေးရွာ၌ ဘိန်းစိုက်ခင်း ၂၃ ဧကခန့်၊ ဆီဆိုင်မြို့နယ် ပချားကလို့ကျေးရွာ၌ ဘိန်းစိုက်ခင်းဧက ၂၀ ခန့်၊ လွိုင်လင်မြို့နယ် ခေါင်နွံ့ကျေးရွာ၌ ဘိန်းစိုက်ခင်းသုံးဧကခန့်၊ လဲချားမြို့နယ် နမ့်လင်ကျေးရွာ၌ ဘိန်းစိုက်ခင်းတစ်ဧကခန့်တို့ကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မောင်တောမြို့နယ် နယ်မြေ(၂) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်ဇူနယ်မြေရုံးမှ ရဲမှူးမျိုးမြင့် ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) နယ်ခြားစောင့်တပ် As Uartoli ကင်းစခန်းမှ ဒုတိယစခန်းမှူး Naib Subedar Md. Abul Hossain ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက် နံနက် ၈ နာရီ မိနစ် ၂၀ မှ ၁၁ နာရီ ၅၅ မိနစ်အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၄၅)မှ (၄၆)အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင် လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပြစ်ချက်ဟောင်းရှိသူအား ခေါ်ယူစစ်ဆေးရာမှ ခိုးမှု၊ လိမ်လည်မှု ၁၅ မှု ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက မိမိနယ်မြေအတွင်း ရွှေဝယ်ဟန်ဆောင်ပြီး ရွှေထည် ပစ္စည်းများ ခိုးယူ၊ လိမ်လည်သူများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးသွားရန် ညွှန်ကြားချက်အရ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ပြစ်ချက်ဟောင်းရှိသူနှင့် မှတ်တမ်းများကို စိစစ်ပြီး အဖွဲ့ငယ်များဖွဲ့၍ စုံစမ်းခဲ့ရာ ပြစ်ချက်ဟောင်းရှိသူ ခရမ်းမြို့နယ် (၇)ရပ်ကွက်နေ ထွန်းထွန်းနိုင်(ခ)ကိုဟိန်း(ခ) အောင်ဖြိုးဝေ(ခ) ဂျင်းကောင်(ခ)ကိုဆက်(၂၁)နှစ်ကို တွေ့ရှိ၍မေးမြန်းစစ်ဆေးရာ ၎င်းသည် ယခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ရွှေဆိုင်များမှ လိမ်လည်မှုနှစ်မှု၊ ခိုးမှု ၁၃ မှု၊ ပေါင်း ၁၅ မှုတို့မှ ရွှေဆွဲကြိုး ၁၀ ကုံး၊ ဟန်းချိန်းတစ်ခု၊ ဖုန်းနှစ်လုံး၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၉၇၃၀၀၀ တို့ကို ခိုးယူလိမ်လည်ခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့ပြီး သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မက္ကဆီကိုနယ်စပ်တစ်လျှောက် နယ်စပ်တံတိုင်းကာရန် ဘတ်ဂျက်ခွင့်မပြုပါက အစိုးရယန္တရားရပ်ဆိုင်းမည်ဟု ထရမ့်ပြော

**ဝါရှင်တန် ဒီဇင်ဘာ ၁၂**

မက္ကဆီကိုနယ်စပ်တစ်လျှောက် နယ်စပ်တံတိုင်းကာရံရန်ကိစ္စသည် နိုင်ငံတော်က အရေးပေါ်လုပ်ရမည့် အလုပ်ဖြစ်ကြောင်း၊ လွှတ်တော်အမတ်များဘက်မှ လုံလောက်သည့် ရန်ပုံငွေချမပေးလျှင် အစိုးရယန္တရားလည်ပတ်မှု ရပ်တန့်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့က အိမ်ဖြူတော်ရုံးခန်းထဲ၌ ပြောကြားခဲ့ကြောင်း သိရသည်။

ထိုသို့ပြောကြားမှုကြောင့် သတင်းထောက်များရှေ့တွင်ပင် သမ္မတ ထရမ့်နှင့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင်များကြား မပြေမလည်ဖြစ်ခဲ့ကြောင်း သိရသည်။

အထက်လွှတ်တော် အနည်းစုအမတ်များခေါင်းဆောင်ဖြစ်သည့် နယူးယောက်ပြည်နယ် အထက်လွှတ်တော်အမတ် ချက်ခ်ရှုမားက သမ္မတအနေဖြင့် အစိုးရယန္တရားရပ်ပစ်ချင်နေကြောင်းနှင့် ယခုလိုအငြင်းပွားမှုကြောင့် မရပ်တန့်ပစ်သင့်ကြောင်း ပြောကြားခဲ့သည်။

အောက်လွှတ်တော်ထိပ်တန်း ဒီမိုကရက်တစ် အမတ်တစ်ဦးဖြစ်သည့် ကယ်လီဖိုးနီးယားပြည်နယ် အောက်လွှတ်တော်အမတ် နန်စီပယ်လိုစီက နယ်စပ်တံတိုင်းကာရံရန်ကိစ္စနှင့် အစိုးရယန္တရားရပ်ပစ်ရန် မထိုက်တန်ဟု ပြောကြားခဲ့ပြီးနောက် နယ်စပ်လုံခြုံရေးနှင့် ဘတ်ဂျက်ငွေချထားရေးဆိုင်ရာ အတည်ပြုချက်ရရန် လိုအပ်သည့် မဲနှင့်ပတ်သက်ပြီး လွှတ်တော်အမတ် ပယ်လိုစီနှင့် သမ္မတ ထရမ့်တို့ကြား အငြင်းပွားခဲ့ရာမှ အမေရိကန်သမ္မတ ထရမ့်က ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။

**အေအက်ဖ်ပီ**



မက္ကဆီကိုနယ်စပ်၌ တံတိုင်းကာရံနေသည်ကို တွေ့ရစဉ်။

# ရုရှားနှင့်ပတ်သက်သည့်မေးခွန်းများကို ဂျပန်နိုင်ငံခြားရေးဝန်ကြီး လျစ်လျူရှု

**တိုကျို ဒီဇင်ဘာ ၁၂**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုသည် နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုကိစ္စရပ်များကို ဂျပန်နှင့် ညှိနှိုင်းဆွေးနွေးရာတွင် ရုရှား၏သဘောထားတင်းမာမှုများနှင့် ပတ်သက်၍ သတင်းထောက်များက မေးမြန်းလာသည့် မေးခွန်းအချို့ကို ဖြေကြားခြင်းမရှိကြောင်း သိရသည်။

အင်္ဂါနေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တာရိုကိုနိုသည် အကြီးတန်းရုရှားအာဏာပိုင်များကပြောကြားခဲ့သည့် မှတ်ချက်များနှင့် စပ်လျဉ်း၍ ၎င်း၏သဘောထားကို မေးမြန်းခြင်းခံခဲ့ရသည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့က အကယ်၍ ဂျပန်သည် ဒုတိယကမ္ဘာစစ်အပြီးတွင် ကျွန်းလေးကျွန်း ရုရှားပိုင်နယ်နိမိတ်ဖြစ်လာမှုကို လက်မခံနိုင်ပါက ရုရှားသည် ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ရုရှားသည် အဆိုပါကျွန်းများကို ထိန်းချုပ်ထားပြီး ဂျပန်က ၎င်းပိုင်ဆိုင်သည့်ကျွန်းများဖြစ်သည်ဟု အငြင်းပွားလျက်ရှိသည်။ ဂျပန်အစိုးရက အဆိုပါကျွန်းများသည် ဂျပန်တို့ ဘိုးစဉ်ဘောင်ဆက်ပိုင်ဆိုင်လာခဲ့သည့် နယ်မြေအစိတ်အပိုင်းများဖြစ်ပြီး ဒုတိယကမ္ဘာစစ်အပြီးတွင် မတရားသိမ်းယူခြင်းခံလိုက်ရကြောင်းကိုသာ ဆက်လက် အငြင်းပွားခဲ့သည်။

ရုရှားဒုတိယဝန်ကြီးချုပ် ယူရီထရုတ်နက်ဗ်က ၎င်း၏နိုင်ငံသည် ဆွေးနွေးပွဲများတွင် ဆက်လက် သဘောထား တင်းမာနေဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ မှတ်ချက်ပေးရန် သတင်းထောက်များက မေးခွန်းထုတ်ခဲ့ရာတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုက ဖြေကြားခြင်းမရှိခဲ့ဘဲ အခြားမေးခွန်းကို မေးရန် လေးကြိမ်တိုင်တိုင်ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနို

# ဘရာဇီးနိုင်ငံရှိ ဘုရားကျောင်းတစ်ခုတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား

**ဆော်ပေါ်လို ဒီဇင်ဘာ ၁၂**

ဘရာဇီးနိုင်ငံ၏ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ခုတွင် အင်္ဂါနေ့က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် လူလေးဦးသေဆုံးခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။ သေနတ်သမားသည် သေနတ်ဖြင့်ပစ်ခတ်ပြီးနောက် မိမိကိုယ်ကို သေနတ်ဖြင့် အဆုံးစီရင်သွားခဲ့သည်။

သေနတ်ပစ်ခတ်မှုသည် ဆော်ပေါ်လိုရှိ Campinas Cathedral ဘုရားကျောင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာမီးသတ်ဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ သေနတ်သမားသည် လက်နက်နှစ်ခုကို ကိုင်ဆောင်ခဲ့ပြီး ရဲများက ၎င်းထံသို့မရောက်လာမီ သေနတ်ဖြင့် အချက် ၂၀ထက်မနည်း ပစ်ခတ်ခဲ့သည်။ ထိုသို့ ပစ်ခတ်ပြီးနောက် ၎င်းကိုယ်တိုင်လည်း သတ်သေသွားခဲ့သည်။

အာဏာပိုင်များက သေနတ်ပစ်ခတ်မှု၏နောက်ကွယ်တွင် မည်သည့်အကြောင်းများရှိနေသည်ကို မသိရသေးကြောင်း၊ သို့သော်ယင်းပစ်ခတ်မှုသည် ကြိုတင်ကြံစည်မှုဖြစ်ပြီး ကြံစည်သူအနေဖြင့် မည်သူ့ကိုပစ်ခတ်ရန်ဟု အတိအကျရည်ရွယ်ထားဟန်မတူကြောင်း ပြောကြားခဲ့သည်။

သေနတ်သမားသည် တွေ့ရာလူကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရကြောင်း ဘုရားကျောင်းလုံခြုံရေးတာဝန်ရှိသူ လူဝစ်ဘက်ဂီယိုက ရုပ်မြင်သံကြားသို့ ပြောခဲ့သည်။ သေနတ်သမားသည် အခြားသော ဝတ်ပြုကိုးကွယ်သူများကဲ့သို့ပင် ဘုရားကျောင်းသို့ဝင်ရောက်လာခဲ့ပြီး ၎င်း၏သေနတ်ကိုဆွဲထုတ်ကာ ပစ်ခတ်မှုမပြုမီ အနောက်ဘက်တွင် မိနစ်အနည်းငယ်ခန့်ထိုင်နေခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုအတွင်း လူလေးဦးသေဆုံးသည့်အပြင် နောက်ထပ် လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ၎င်းတို့အား ဆေးရုံသို့ပို့ဆောင်ခဲ့သည်။ တောင်အမေရိက၏ နိုင်ငံတစ်ခုအတွင်း ရှားရှားပါးပါးဖြစ်ပွားခဲ့သည့် ယင်းသေနတ်ပစ်ခတ်မှုကြောင့် Campinas ရှိဒေသခံပြည်သူများ ထိတ်လန့်တုန်လှုပ်ခဲ့ကြသည်။ Campinas သည် ဆော်ပေါ်လိုမြို့အနောက်ဘက် ၁၀၀ ကီလိုမီတာအကွာတွင် ရှိသည်။

**ဆင်ဟွာ**

# ထိုင်းနိုင်ငံတွင် နိုင်ငံရေးပါတီများ လွတ်လပ်စွာမဲဆွယ်မှု စတင်လုပ်ဆောင်ခွင့်ရ



ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာ

**ဗန်ကောက် ဒီဇင်ဘာ ၁၂**

ထိုင်းနိုင်ငံတွင် နိုင်ငံရေးပါတီများသည် လာမည့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် လွတ်လပ်စွာ မဲဆွယ်မှု စတင်လုပ်ဆောင်ခွင့်ရပြီဖြစ်ကြောင်း သတင်းရရှိသည်။

အမျိုးသားလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကောင်စီဥက္ကဋ္ဌနှင့် ထိုင်း နိုင်ငံဝန်ကြီးချုပ် ပရာယုချန်အိုချာက ၂၀၁၄ ခုနှစ်တွင် ထိုင်းစစ်တပ်မှ အာဏာသိမ်းပြီးနောက် စစ်ကောင်စီကပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးဆိုင်ရာ ကန့်သတ်ချက်များအားလုံးကို ဒီဇင်ဘာ ၁၁ ရက်က ရုပ်သိမ်းပေးလိုက်ကြောင်းနှင့် နိုင်ငံရေးပါတီများအားလုံး ထိုင်းနိုင်ငံတစ်ဝန်းရှိ မဲဆန္ဒနယ်များတွင် မဲဆွယ်မှုများကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပေးခဲ့ကြောင်း သိရသည်။

အမျိုးသားလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကောင်စီဥက္ကဋ္ဌ၏အမိန့်ဖြင့် တားမြစ်ချက်များ ပယ်ဖျက်ခြင်း ကြေညာချက် တော်ဝင်အမိန့်ပြန်တမ်းကို ယမန်နေ့က ထုတ်ပြန်ခဲ့ကြောင်းနှင့် ယင်းအမိန့်မှာ ချက်ချင်းအာဏာတည်မည်ဖြစ်ကြောင်း သိရသည်။

အစောပိုင်းလများကလည်း ပရာယုချန်အိုချာက တစ်စိတ်တစ်ပိုင်းဖြေလျှော့မှုများအနေဖြင့် နိုင်ငံရေးပါတီတစ်ခုချင်းစီအား ပါတီဝင်သစ်များစုဆောင်းခြင်း၊ ကိုယ်စားလှယ်လောင်းများ ရွေးချယ်ခြင်း၊ ပါတီဝင်တွေ့ဆုံပွဲ (သို့မဟုတ်) ပါတီအမှုဆောင် ဘုတ်အဖွဲ့အစည်းအဝေး၊ နယ်ပါတီရုံးခွဲများ ဖွင့်လှစ်ခြင်းနှင့် ပါလီမန်ရွေးကောက်ပွဲအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုလုပ်ဆောင်ခြင်း စသည့် နိုင်ငံရေးလှုပ်ရှားမှုများကို ခွင့်ပြုပေးခဲ့သည်။

နိုင်ငံရေးဆိုင်ရာ ကန့်သတ်တားမြစ်ချက်များကို ဒီဇင်ဘာ ၁၁ ရက်တွင် ပယ်ဖျက်ပေးခဲ့ပြီး ရွေးကောက်ပွဲမတိုင်ခင် ကြားကာလရက်ပေါင်း ၉၀ အတွင်း ပါလီမန်အမတ်လောင်းများအနေဖြင့် ရွေးကောက်ပွဲဥပဒေအတိုင်း မဲဆွယ်မှုကို စတင်လုပ်ဆောင်ခွင့် ရရှိမည်ဖြစ်ကြောင်း ပရာယုချန်အိုချာက ပြောခဲ့သည်။

သို့သော်လည်း ပြည်သူ့အင်အားပါတီ၏ ပါတီခေါင်းဆောင် စက်မှုဝန်ကြီး ဥတမာ ဆာဗာနာယာမာနှင့် ပါတီအထွေထွေအတွင်းရေးမှူး ( လက်ရှိစီးပွားရေးဝန်ကြီး) ဆွန်တီရက် ဆွန်တီဂျာရာဝမ် တို့ကို ရွေးကောက်ပွဲအလွန် ဝန်ကြီးချုပ်လောင်းအမည်စာရင်း တင်သွင်းခွင့်ပြုခြင်းကို ပရာယု အနေဖြင့် လက်ခံဖွယ် ရှိ၊ မရှိ မသိရသေးပေ။

**ဆင်ဟွာ**

**နိုင်ငံတကာ သတင်းတိုထွာ**

## ပြင်သစ်၌ ဖြစ်ပွားနေသည့် ဆန္ဒပြပွဲများတွင် ပါဝင်ပတ်သက်ခဲ့ခြင်း မရှိကြောင်း ရုရှားငြင်းဆန်

**မော်စကို ဒီဇင်ဘာ ၁၂**

ပြင်သစ်နိုင်ငံတစ်ဝန်း၌ မကြာသေးမီက ပေါ်ပေါက်ခဲ့သည့် ဆန္ဒပြပွဲများတွင် ရုရှားပါဝင်ပတ်သက်ခဲ့သည်ဟူသော စွပ်စွဲချက်များကို ကရင်မလင် နန်းတော်က တနင်္လာနေ့တွင် ငြင်းဆန်လိုက်ကြောင်း သိရသည်။

ရုရှားပါဝင် ပတ်သက်နေသည်ဟူသော စွပ်စွဲချက်မှန်သမျှတို့သည် လုံးဝမဟုတ်ကြောင်း၊ ရုရှားသည် လတ်တလောဖြစ်ပွားနေသည့် ဆန္ဒပြပွဲများကို ပြင်သစ်နိုင်ငံ၏ ပြည်တွင်းရေး ကိစ္စတစ်ခုအနေဖြင့်သာ မှတ်ယူကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီ ပက်စကော့ဗ်က ပြောကြားခဲ့သည်။

မော်စကိုသည် ရုရှား-ပြင်သစ်နှစ်နိုင်ငံ ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါမှုကို အထူးအာရုံစိုက်နေသည်ဟုလည်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ယူကရိန်းလုံခြုံရေးအဖွဲ့နှင့် ဗြိတိန်သတင်းစာ The Times က ရုရှားသည် ပြင်သစ်နိုင်ငံတစ်ဝန်း ဖြစ်ပွားနေသည့် ဆန္ဒပြပွဲများကို ရှင်းလင်းရာတွင် ပါဝင်ပတ်သက်မှု ရှိကောင်းရှိနိုင်ခဲ့ကြောင်း ဖော်ပြခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**

## အိန္ဒိယ ဗဟိုဘဏ် အကြီးအကဲ ရာထူးမှနုတ်ထွက်

**နယူးဒေလီ ဒီဇင်ဘာ ၁၂**

အိန္ဒိယနိုင်ငံ၏ဗဟိုဘဏ် လွတ်လပ်ခွင့်နှင့်ပတ်သက်၍ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့် သဘောထား ကွဲလွဲမှုများ ဖြစ်ပွားနေချိန်တွင် ဗဟိုဘဏ် အကြီးအကဲရာထူးမှ နုတ်ထွက်သွားကြောင်း သိရသည်။

အိန္ဒိယ Reserve Bank ၏ အကြီးအကဲ အာဂျစ်ပါတယ်လ်က တနင်္လာနေ့တွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စရပ်များကြောင့်ဟုဆိုကာ ရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ကြောင်း သိရသည်။ ပါတယ်လ်သည် စီးပွားရေး ခိုင်မာတောင့်တင်းမှုကာလ တစ်ခုအတွင်း ပင်လယ်ရပ်ခြားခရီး သွားရောက်ခဲ့ပြီး ပြည်တွင်း၌သာမက ပြည်ပ၌ပါ ရင်းနှီးမြှုပ်နှံသူများအကြား နာမည်ကောင်းရခဲ့သည်။

အစိုးရသည် ဘဏ်၏ငွေကြေးဆိုင်ရာ ဖွဲ့စည်းမှုများတွင် ပိုမိုပါဝင်ပတ်သက်ရန်နှင့် အရှုံးပြနေသည့် ပုဂ္ဂလိက ဘဏ်များအား ပိုမိုလွယ်ကူစွာ ငွေချေးခွင့်ပြုရန် လိုလားလျက်ရှိသည်။

သို့သော် ပါတယ်လ်က ဗဟိုဘဏ်၏ လွတ်လပ်ခွင့်ကို ထိပါးလာနိုင်သည်ဟုဆိုကာ ယင်းကိစ္စကို သဘောမတူခဲ့ပေ။

**အင်န်အိတ်ချ်ကေ**

# လူဦးရေပေါက်ကွဲမှုနှင့် အီဂျစ်နိုင်ငံ

*ကလျာမိုးမြင့်*



၂၀၁၇ က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ အစွန်အဖျားတစ်နေရာတွင် တွေ့မြင်ရသည့် လူဦးရေထူထပ်မှု အခြေအနေ

အီဂျစ်နိုင်ငံမှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ ဆင်းရဲနွမ်းပါးသူတွေအတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်တာကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးသက်ရောက်မှုတွေကို ပြည်သူလူထုအများစုက အာရုံစိုက်နေသလို လူဦးရေပေါက်ကွဲမှုကလည်း အများပြည်သူ အာရုံစိုက်လောက်တဲ့ အနေအထားတစ်ခု ဖြစ်နေပါတယ်။

အီဂျစ်အာဏာပိုင်တွေက ဖော်ပြတဲ့ နောက်ဆုံးရ ကိန်းဂဏန်း အချက်အလက်တွေအရ အီဂျစ်နိုင်ငံရဲ့ လူဦးရေဟာ သန်းတစ်ရာနီးပါး ရောက်ရှိနေပြီး တစ်နှစ်ကို လူဦးရေ ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးပွားလာနေတာ ဖြစ်ပါတယ်။

### နိုင်ငံကိုခြောက်လှန့်နေသောစိန်ခေါ်မှု

လူဦးရေအထူထပ်ဆုံး အာရပ်နိုင်ငံတစ်ခုဖြစ်တဲ့ အီဂျစ်နိုင်ငံဟာ လူဦးရေပေါက်ကွဲမှုကို ရင်ဆိုင်လာရတာ အခုမှမဟုတ်ပါဘူး။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကတည်းက ရင်ဆိုင်လာရတာပါ။ လူဦးရေ အဆမတန် များပြားနေမှုဟာ အီဂျစ်နိုင်ငံကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းရာမှာ ပိုပြီးအခက်တွေ့လာစေပါတယ်။ အီဂျစ်သမ္မတ အယ်လ်စီစီက လူဦးရေ အဆမတန် များပြားမှုဟာ အီဂျစ်နိုင်ငံက ရင်ဆိုင်နေရတဲ့ အကြီးစား ခြိမ်းခြောက်မှုနှစ်ခုထဲက တစ်ခုဖြစ်တယ်လို့ ပြောကြားခဲ့ဖူးပါတယ်။

အီဂျစ်နိုင်ငံရဲ့ လူဦးရေဟာ ၁၉၈၆ ခုနှစ်မှာ ၄၈ သန်းအထိ တိုးပွားလာပြီး ၂၀၁၆ ခုနှစ်မှာ ၉၆ သန်းအထိ တိုးပွားလာခဲ့တာကြောင့် ပြီးခဲ့တဲ့နှစ် ၃၀ အတွင်းမှာ နှစ်ဆဖြစ်လာခဲ့ပါတယ်။ လတ်တလော မွေးဖွားနှုန်းဟာ ၃ ဒသမ ၄၇ ရာခိုင်နှုန်းရှိပြီး လာမယ့် ၂၀၃၀မှာ နိုင်ငံ့လူဦးရေ ၁၂၈ သန်းအထိဖြစ်လာမယ်လို့ မျှော်လင့်ရကြောင်း ကုလသမဂ္ဂက ခန့်မှန်းခဲ့ပါတယ်။

### မြေယာဆုံးရှုံးမှုများ

၂၀၁၆ ခုနှစ်မှာ ကလေးမွေးဖွားမှုဟာ ၂ ဒသမ ၆သန်း ရှိခဲ့ပါတယ်။ ဒီအခြေအနေတွေက စိုက်ပျိုးမြေတွေ ဆုံးရှုံးမှု ဖြစ်လာနိုင်ပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုနဲ့ ရေအရင်းအမြစ် ပြုန်းတီးမှုနဲ့ မလုံလောက်မှုတွေကို ဖြစ်လာစေနိုင်တာကြောင့် ရာသီဥတုကိုလည်း ကြောက်ခမန်းလိလိ ခြိမ်းခြောက်နေတဲ့ အခြေအနေတစ်ခု ဖြစ်နေပါတယ်။

အများပြည်သူ လှုပ်ရှားမှုနဲ့ ကိန်းဂဏန်း အချက်အလက်ဆိုင်ရာ ဗဟိုအေဂျင်စီအဖွဲ့ (CAMPAS) ရဲ့ဖော်ပြချက်အရ တိုးပွားလာတဲ့ လူဦးရေလိုအပ်ချက်နဲ့ ကိုက်ညီစေဖို့ အိမ်ရာဆောက်လုပ်မှုတွေနဲ့ မြေလွှာတိုက်စားမှု အကျိုးဆက်တွေကြောင့် တစ်နှစ်မှာ မြေကေပေါင်း ၂၄၀၀၀ နီးပါး ဆုံးရှုံးနေရတယ်လို့ သိရပါတယ်။

ဒါ့အပြင် အီဂျစ်နိုင်ငံဟာ လူဦးရေကသာ အဆမတန် တိုးပွားလာနေပေမယ့် ၁၉၅၄ ခုနှစ်ကတည်းက နိုင်းမြစ်ဝှမ်းကနေ ခွဲတမ်းရရှိတဲ့ တစ်နှစ်မှာ ရေကုဗမီတာ ၅၅ သန်းဆိုတဲ့ ပမာဏကတော့ တိုးပွားလာတာ မရှိပါဘူး။

### ပညာရေးမှာလည်း ပြဿနာရှိ

ဒါတင်ပဲလားဆိုတော့ ပြဿနာတွေက ပညာရေးကဏ္ဍမှာလည်း ရှိနေပါတယ်။စာမတတ်သူဦးရေဟာ နိုင်ငံရဲ့၁၈ ရာခိုင်နှုန်းရှိနေပြီး ကျောင်းကနေထွက်သွားကြတဲ့ အရေအတွက်ဟာ အသက် ၁၀ နှစ်ကနေ ၃၄ နှစ်အတွင်း လူဦးရေရဲ့၅ ဒသမ ၇ သန်း ရှိနေပါတယ်။ အီဂျစ်နိုင်ငံရဲ့အလုပ်သမားအင်အားဟာ လာမည့် ၂၀၂၈ မှာ သန်း ၈၀ အထိ ရောက်ရှိလာမယ်လို့ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားတဲ့အတွက် အလုပ်အကိုင်မရရှိမှုကလည်း နောက်ထပ်စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပြန်ပါတယ်။

လူဦးရေဟာ အဆက်မပြတ် တိုးပွားနေတယ်။ နိုင်ငံရဲ့ထုတ်လုပ်မှုကလည်း တိုးပွားလာတဲ့ လူဦးရေရဲ့လိုအပ်ချက်နဲ့ ကိုက်ညီအောင် လောက်ငခြင်း မရှိဘူး။ ဒါတွေကြောင့်ပဲ နိုင်ငံဆီဝင်ရောက်လာတဲ့ ပို့ကုန်တွေကို အားပြုနေရတာကြောင့် ဒီအချက်က တိုင်းပြည်ရဲ့ စီးပွားရေးမှာ ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လာစေခဲ့တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

### လူဦးရေကို ဘယ်လိုထိန်းချုပ်မလဲ

လူဦးရေတိုးပွားလာမှုကို ထိန်းချုပ်ဖို့ အီဂျစ်အစိုးရဟာ အမျိုးမျိုးဆောင်ရွက်ခဲ့ပါတယ်။ သာဓကအားဖြင့် ပါလီမန်ရဲ့ ကျန်းမာရေးကိစ္စရပ်များ ကော်မတီဟာ မွေးဖွားနှုန်း ထိန်းချုပ်မယ့်အစီအစဉ်တစ်ရပ်ကို ငွေကြေးထည့်ဝင်ရာမှာ အထောက်အကူပြုစေဖို့ ၂၀၁၇ ဒီဇင်ဘာလမှာ အီဂျစ်နဲ့ အမေရိကန်ပြည်ထောင်စုကြား သဘောတူညီချက်တစ်ရပ်ကို အတည်ပြုခဲ့ပါတယ်။ ဒီငွေကြေးထည့်ဝင်မှုအရ အီဂျစ်ဟာ အမေရိကန်ဒေါ်လာ ၁၁သန်းကို ရဖို့ရှိပါတယ်။

### ထောက်ပံ့ကြေးအစီအစဉ်

ဒီဇင်ဘာ ၁ ရက်မှာ အီဂျစ်ဝန်ကြီးချုပ် မိုစတာဖာ မက်ဘူလီက ကျောင်းနေအရွယ် ကလေးတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုစရိတ် ထုတ်ပေးမယ့် ထောက်ပံ့ကြေးငွေ အစီအစဉ်တစ်ရပ်ကို ကြေညာလိုက်ပါတယ်။ ဒီအစီအစဉ်အရ လာမယ့် ၂၀၁၉ ဇန်နဝါရီလကစပြီး ကလေးနှစ်ယောက်ရှိတဲ့ မိသားစုတွေကိုသာ ထောက်ပံ့ကြေးပေးသွားဖို့ ကန့်သတ်ထားပါတယ်။ ထောက်ပံ့ကြေးအစီအစဉ်ရဲ့ငွေကြေးအရင်းအမြစ်ကို ကန့်သတ်ထားမှုတွေကြောင့် ကလေးနှစ်ယောက်ရှိတဲ့ မိသားစုတွေကိုသာ ပေးအပ်ဖို့ ဆုံးဖြတ်လိုက်ရတာ ဖြစ်တယ်လို့ လူမှုပေါင်းစည်းညီညွတ်ရေးဝန်ကြီးဌာနက ဖော်ပြခဲ့ပါတယ်။

ထောက်ပံ့ကြေးအစီအစဉ်ကို စတင်ကြေညာလိုက်တဲ့ ၂၀၁၇ ခုနှစ်ကစပြီး ဒီစီမံချက်အတွက် ကုန်ကျစရိတ်ဟာ အီဂျစ်ငွေပေါင် ၂၁သန်း (ဒေါ်လာ ၁ဒသမ ၁၇သန်း)ရှိပြီး ထောက်ပံ့ကြေးရဲ့ ၈၅ ရာခိုင်နှုန်းကို နိုင်ငံတော်ရဲ့ဘတ်ဂျက်ကနေ ပေးအပ်ခဲ့ကာ ကျန်တဲ့ငွေကိုတော့ ကမ္ဘာ့ဘဏ်ကရတဲ့ ချေးငွေနဲ့ လည်ပတ်ခဲ့ပါတယ်။

### စီမံချက်ထိရောက်မှုရှိရဲ့လား

သို့သော်လည်း အချို့က ဒီစီမံချက်ဟာ အကျိုးသက်ရောက်မှုမရှိသလို ဖွဲ့စည်းပုံနဲ့လည်း မညီဘူးလို့ ပြောဆိုမှုတွေ ရှိနေပါတယ်။ သုံးယောက်မြောက် သားသမီးတွေအနေနဲ့ ထောက်ပံ့ကြေးကို ခံစားခွင့်မရှိတာက ကျောင်းထွက်ရတဲ့ ကလေးတွေ ပိုများလာစေသလို စာမတတ်သူဦးရေ၊ ကလေးလုပ်သားဦးရေနဲ့ ဆင်းရဲမွဲတေမှုနှုန်းကို ပိုမိုတိုးပွားလာစေတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးဖြစ်နေတယ်လို့ ဝေဖန်သူတွေက မှတ်ချက်ချခဲ့ပါတယ်။

ကုန်ကုန်ပြောရရင် သုံးယောက်မြောက် ကလေးတွေက နိုင်ငံတော်အပေါ်သစ္စာစောင့်သိရမယ်ဆိုတဲ့အယူအဆမှာ ပြဿနာရှိလာနိုင်တယ်လို့ အီဂျစ်အာဏာပိုင်တစ်ဦးက ပြောပါတယ်။ ၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၀၈ ခုနှစ်တွေအတွင်းမှာ မွေးဖွားနှုန်းကို ထိန်းချုပ်တဲ့ ဆောင်ရွက်ချက်တွေဟာ နှစ်စဉ်လူဦးရေ ၂ သန်းကနေ ၁ ဒသမ ၅ သန်းအထိ တိုးပွားလာမှုကို လျှော့ချတဲ့နေရာမှာ အောင်မြင်မှုရရှိခဲ့တယ်လို့ အာဏာပိုင်တွေရဲ့ စာရင်းဇယားအချက်အလက်တွေက ဖော်ပြခဲ့ပါတယ်။

သို့သော်လည်း ၂၀၀၈ ခုနှစ်အပြီးမှာတော့ မွေးဖွားနှုန်းကိုထိန်းချုပ်တဲ့ ဆောင်ရွက်ချက်ဟာ ဘာသာရေးခေါင်းဆောင်တွေရဲ့ထိပ်တိုက်ရင်ဆိုင်လာမှုတွေကြောင့် ပြိုလဲသွားခဲ့ရတယ်လို့ လူဦးရေဆိုင်ရာ အမျိုးသားကောင်စီရဲ့အထွေထွေအတွင်းရေးမှူးချုပ် အမ်ရိုဟတ်ဆန်ကဆင်ဟွာသို့ ပြောကြားခဲ့ပါတယ်။

အီဂျစ်နိုင်ငံဟာ လူဦးရေ ပြဿနာကို ကိုင်တွယ်ဖို့ အရေးတကြီး ဆောင်ရွက်သင့်တဲ့ အခြေအနေကို ရောက်နေပါပြီ။ ထိမ်းမြား လက်ထပ်ပြီးနောက် မွေးဖွားနှုန်းကို ထိန်းချုပ်ဖို့ တွန်းအားပေးတဲ့ စည်းရုံးဆွဲဆောင်မှုတွေ အပါအဝင် လူဦးရေ အဆမတန် တိုးပွားလာနေမှုကို ပြည်သူလူထုက ပိုမိုသတိထားမိလာအောင် မြှင့်တင်ပေးခြင်းနဲ့ ဘာသာရေး ခေါင်းဆောင်တွေရဲ့ ဟောပြောမှုတွေကို ကြီးကြပ်ဆောင်ရွက်မှုတွေလုပ်ဖို့ လိုအပ်တယ်လို့ ကျွမ်းကျင်သူပညာရှင်တွေက အကြံပြုတိုက်တွန်းနေပါတယ်။ ။ **ကိုးကား-ဆင်ဟွာ**

> **"သုံးယောက်မြောက် သားသမီးတွေအနေနဲ့ ထောက်ပံ့ကြေးကို ခံစားခွင့်မရှိတာက ကျောင်းထွက်ရတဲ့ကလေးတွေ ပိုများလာစေသလို စာမတတ်သူဦးရေ၊ ကလေးလုပ်သားဦးရေနဲ့ ဆင်းရဲမွဲတေမှုနှုန်းကို ပိုမိုတိုးပွားလာစေတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးဖြစ်နေတယ်လို့ ဝေဖန်သူတွေက မှတ်ချက်ချခဲ့"**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

### အခန်း(၆)
### ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်

၁၇။ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား)တို့ကို ခန့်အပ်ရာတွင် ဩဝါဒါစရိယအဖွဲ့၏ အတည်ပြုချက်ရယူ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ခန့်အပ်ရမည်။

၁၈။ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့၏ ဂုဏ်အင်္ဂါ အရည်အချင်း သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်တော် ၅၀ နှစ်၊ သိက္ခာတော် ၃၀ ဝါ ပြည့်ပြီး ဖြစ်ရမည်။

( ခ ) ပါရဂူဘွဲ့ ရရှိပြီး ဖြစ်ရမည်။

( ဂ ) အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရမည်။

(ဃ) အောက်ဖော်ပြပါ ပရိယတ္တိစာမေးပွဲများအနက် အနည်းဆုံးသုံးခု အောင်မြင်ရမည်-

(၁) သာသနဓဇ ဓမ္မာစရိယ သို့မဟုတ် သာသနတက္ကသီလ မဟာဓမ္မာစရိယ၊

(၂) သာသနဓဇ သိရီပဝရ ဓမ္မာစရိယ သို့မဟုတ် ပါဠိပါရဂူ၊

(၃) ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ သကျသီဟ၊

(၄) စေတီယင်္ဂဏ ပရိယတ္တိဓမ္မာစရိယဂဏဝါစက။

(င) ရဟန်းရှင်လူတို့ လေးစားထိုက်သော ကျမ်းစာအုပ်ကို ရေးသားပြုစုဖူးသော ဆရာတော် ဖြစ်ရမည်။

(စ) အောက်ဖော်ပြပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(၁) ရုပ်ဆင်းအင်္ဂါပြည့်စုံခြင်း "ဥပဓိသမ္ပတ္တိဂုဏ်"၊

(၂) တည်ငြိမ်ရင့်ကျက်ခြင်း "ထိရဂုဏ်"၊

(၃) လောကီလောကုတ္တရာ ဗဟုသုတကြွယ်ဝခြင်း "ဗဟုသစ္စဂုဏ်"၊

(၄) ကျန်းမာကြံ့ခိုင်ခြင်း "အာရောဂျဂုဏ်"၊

(၅) ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ပြည့်စုံခြင်း "အာရဒ္ဓဝီရိယဂုဏ်"၊

(၆) ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှုခြင်းများနှင့် ပြည့်စုံခြင်း "နာယကဂုဏ်"၊

(၇) နည်းပရိယာယ် ကျွမ်းကျင်မှုဂုဏ် "ဥပါယကောသလ္လဂုဏ်"၊

(၈) မိမိမှားမှန်းသိလျှင် အလျှော့ပေးခြင်း "သောဝစဿတာဂုဏ်"။

(ဆ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသား မိဘနှစ်ပါးမှ ဖွားမြင်သူဖြစ်ရမည့်အပြင် ရဟန်းရှင်လူအများ၏ ရိုသေလေးစားမှုကို ခံယူထိုက်သော ဆရာတော် ဖြစ်ရမည်။

( ဇ ) တက္ကသိုလ်၏ စီမံခန့်ခွဲရေး၊ သင်ကြားရေးအစရှိသည့် လုပ်ငန်းအရပ်ရပ်ကို ဦးစီးပေး ဆောင်ရွက်နိုင်သော ဆရာတော်ဖြစ်ရမည်။

၁၉။ (က) တက္ကသိုလ်ပါမောက္ခချုပ်သည် အောင်လက်မှတ်၊ ဒီပလိုမာလက်မှတ်၊ ဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် တက္ကသိုလ်ပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များကို ချီးမြှင့်အပ်နှင်းရမည်။

( ခ ) ပုဒ်မခွဲ (က)အရ လက်မှတ်နှင့်ဘွဲ့များ ချီးမြှင့်အပ်နှင်းချိန်တွင် ပါမောက္ခချုပ် မတက်ရောက်နိုင်သည့်အခါ ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ် ဆရာတော်က လက်မှတ်နှင့်ဘွဲ့များကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၂၀။ ကောင်စီသည် တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၂၁။ တက္ကသိုလ်ဒုတိယပါမောက္ခချုပ် (စီမံ)ကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများနှင့်အညီ ခန့်အပ်ရမည်။

၂၂။ တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ထေရဝါဒဗုဒ္ဓဘာသာဝင်ဖြစ်ပြီး အဘိဓမ္မာ အခြေခံရှိရမည်။

( ခ ) အသက် ၄၀ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

( ဂ ) အောက်ပါ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ပြည့်စုံရမည်-

(၁) တက္ကသိုလ်တွင် ပါမောက္ခရာထူးဖြင့် လုပ်သက်အနည်းဆုံးငါးနှစ် ပြည့်ပြီးသူ၊

(၂) ဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးရာထူးဖြင့် လုပ်သက်အနည်းဆုံး ငါးနှစ်ပြည့်ပြီးသူ၊

(၃) အခြားတက္ကသိုလ်တစ်ခုခုတွင် ပါမောက္ခရာထူးဖြင့် အနည်းဆုံး ငါးနှစ် တာဝန်ထမ်းဆောင်ခဲ့သူ။

### အခန်း(၇)
### ပညာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၂၃။ တက္ကသိုလ်၏ ပညာသင်ကြားရေး လုပ်ငန်းနှင့် စီမံခန့်ခွဲရေး လုပ်ငန်းတာဝန်များကိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကောင်စီသည် သတ်မှတ်ချက်နှင့် အညီ အောက်ပါအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) တက္ကသိုလ် ပညာရေးအဖွဲ့၊

( ခ ) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့။

၂၄။ တက္ကသိုလ်ပညာရေးအဖွဲ့တွင်ပါဝင်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဖွဲ့ဝင်သည် ကောင်စီက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၅။ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့သည် အနည်းဆုံး နှစ်လလျှင်တစ်ကြိမ် အစည်းအဝေးပြုလုပ်၍ သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ညှိနှိုင်းဆုံးဖြတ်ပြီး အနီးကပ်ဆုံး ကောင်စီအစည်းအဝေးသို့ တင်ပြပြီး အတည်ပြုချက် ရယူရမည်။

### အခန်း(၈)
### တက္ကသိုလ်ဝန်ထမ်းဖွဲ့စည်းပုံ

၂၆။ ဝန်ကြီးဌာနသည် တက္ကသိုလ်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဝန်ထမ်းဖွဲ့စည်းပုံ ရေးဆွဲထားရှိရမည်။

၂၇။ ဝန်ကြီးဌာနသည် ဝန်ထမ်းဖွဲ့စည်းပုံတွင်ပါရှိသည့် ရာထူးများအလိုက် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၂၈။ ဝန်ထမ်းဖွဲ့စည်းပုံအရ ခန့်အပ်ခြင်းခံရသည့်-

(က) ရဟန်းတော်များသည် ကောင်စီက သတ်မှတ်သည့် လှူဒါန်းထောက်ပံ့မှုကို လက်ခံခွင့်ရှိသည်။

( ခ ) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများသည် ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

### အခန်း(၉)
### ဘဏ္ဍာရေး

၂၉။ တက္ကသိုလ်၏ ကုန်ကျစရိတ်များကို နိုင်ငံတော်၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲရမည်။

၃၀။ တက္ကသိုလ်သည် ပြည်တွင်း ပြည်ပအလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံနိုင်သည်။

၃၁။ တက္ကသိုလ်သည် ရငွေနှင့် သုံးငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

၃၂။ တက္ကသိုလ်သည် အလှူရန်ပုံငွေပဒေသာပင် ထူထောင်ပြီး နိုင်ငံတော်က အခါအားလျော်စွာ ချမှတ်ထားသည့် ရန်ပုံငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိစ္စရပ်တစ်ခုစီအတွက် လိုအပ်ချက်နှင့်အညီ ခွဲဝေသုံးစွဲနိုင်သည်။

၃၃။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ တာဝန်ပေးအပ်သော စာရင်းစစ်အဖွဲ့ဖြင့် တက္ကသိုလ်၏ ငွေစာရင်းများနှင့် ပစ္စည်းစာရင်းများကို နှစ်စဉ်ပုံမှန် စစ်ဆေးခံရမည်။ လိုအပ်ချက်ရှိပါက လိုအပ်ချက်နှင့်အညီ စစ်ဆေးခံရမည်။

### အခန်း (၁၀)
### အထွေထွေ

၃၄။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၀/၉၈) အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) ကောင်စီသည် အမိန့်၊ ညွှန်ကြားချက်နှင့် တက္ကသိုလ် ပဋိညာဉ်ကို ထုတ်ပြန်နိုင်သည်။

၃၆။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၀/၉၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က နှလုံးလုမီးအိမ်ရှင် ဒေါက်တာသန်းမင်းထွဋ်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်



**ပင်းတယ ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ယမန်နေ့က ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဒေါက်တာ သန်းမင်းထွဋ်အား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကိုယ်စား ဒေသဦးစီးအဖွဲ့ အတွင်းရေးမှူးနှင့်ဦးစီးအဖွဲ့ဝင်တို့က မြို့နယ်ဆရာဝန်ကြီးအား လာရောက်ဂုဏ်ပြုပေးအပ်ခဲ့သည်။

အဆိုပါ ဂုဏ်ပြုမှတ်တမ်းလွှာတွင် ပင်းတယမြို့နယ်ပြည်သူ့ဆေးရုံတွင် မြို့နယ်ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာသန်းမင်းထွဋ်သည် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၏ ညွှန်ကြားချက်အရလည်းကောင်း၊ ၎င်း၏အသိစိတ်ဓာတ်အရလည်းကောင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး အသင်းအဖွဲ့များနှင့်အတူ ဒေသအကျိုး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဒေါက်တာသန်းမင်းထွဋ် အနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အတွင်းနေထိုင်ကြသည့် ပြည်သူလူထုများ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအား တတ်စွမ်းသရွေ့ ဆောင်ရွက်နိုင်မှုများအတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က အထူးပင် ကျေးဇူးတင်ရှိကြောင်း ဂုဏ်ပြုမှတ်တမ်းတွင် အပ်ပါသည်ဟု ပါရှိကြောင်း သိရသည်။ **ခင်မျိုးနွယ် (ပင်းတယ)**

## ဆွာဆည်ရေသောက် နွေစပါးစိုက်ပျိုးဧက ၅၀၀၀ ကျော် ဒီဇင်ဘာ ၁၅ ရက်တွင် ရေစတင်ပေးဝေမည်

**တောင်ငူ ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းတမံအတွင်း ယာယီကျောက်ဖြည့်ရေကျော်နှင့် ယာယီရေတားတမံများ တည်ဆောက်၍ မူလလျာထားချက်ဖြစ်သော ဧကပေ ၅၀၀၀၀ ကျော် ရေသိုလှောင်ပြီးဖြစ်ရာ ၂၀၁၈-၂၀၁၉ နွေစပါး ရာသီအတွက် လျာထားဧက ၅၀၀၀ ကျော်အား ဒီဇင်ဘာ ၁၅ ရက်မှ စတင်ပြီး ရေပေးဝေသွားမည်ဖြစ်ကြောင်း တောင်ငူခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

" Main Canal တူးမြောင်းမကြီး ပေတိုင် ၀ ကနေ ၃၈၂၀၀ အထိ လိုအပ်တဲ့နေရာတွေမှာ ရေပေးမြောင်းတွေကို ပုံစံတကျ ဆောင်ရွက်ပြီးဖြစ်လို့ နွေစပါးစိုက်ပျိုးကြမယ့် တောင်သူတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ အသိပေးအကြောင်းကြားပြီး ဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။ **သန်းလွင်**



# မြစ်ကြီးနားမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်



**မြစ်ကြီးနား ဒီဇင်ဘာ ၁၂**

ဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးကို ပိုမိုနားလည်လာစေပြီး ဘေးအန္တရာယ်ဆုံးရှုံးနိုင်ခြေ လျှော့ချနိုင်ရေးနှင့် စီမံခန့်ခွဲရေးကို ဆောင်ရွက်နိုင်စွမ်းရှိစေရန် ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို ဒီဇင်ဘာ ၁၀ရက်က မြစ်ကြီးနားမြို့ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ခရိုင်နှင့် မြို့နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကျေး စာရေးဝန်ထမ်းများနှင့် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၁၀ ရက် မှ ၁၄ ရက်အထိ ငါးရက်ကြာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဝေါဟာရများ၊ စီမံခန့်ခွဲမှုအယူအဆနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ယင်း၏ အကျိုးသက်ရောက်မှုများ၊ ထိခိုက်ခံရလွယ်မှု၊ ထိတွေ့နိုင်ခြေနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝါဒများနှင့် ဖွဲ့စည်းဆောင်ရွက်မှု၊ ရှေးဦးသူနာ ပြုစုနည်းများ၊ ကာကွယ်စောင့်ရှောက်မှုများကို အဖွဲ့လိုက် ဆွေးနွေးခြင်းများဖြင့် သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ သင်းလွင်က အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်လှကေသီမာက ခရိုင်နှင့် မြို့နယ်များရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရပ်/ ကျေး စာရေးဝန်ထမ်းများအနေဖြင့် ၎င်းတို့တာဝန်ကျနေထိုင်ရာ ဒေသအသီးသီး၌ သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ရပါက ဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးကို ပိုမိုနားလည်လာစေပြီး ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချနိုင်ရေးအတွက် ကြိုတင်သတင်းပေး စီမံဆောင်ရွက်နိုင်စေရန်နှင့် ဘေးဒဏ်ခံနိုင်စွမ်းကို မြှင့်တင်ဆောင်ရွက်နိုင်စေရန် ဖွင့်လှစ်ပို့ချပေးခြင်း ဖြစ်ကြောင်းပြောကြားသည်။

**ပြည်နယ် (ပြန်/ဆက်)**

# လုပ်ကိုင်ခွင့်ရယူထားပြီး အသုံးမပြုသည့် မြေလွတ်မြေရိုင်း ဧကနှစ်သိန်းခန့်ကို ပြန်သိမ်းထားပြီးဖြစ်

**မကွေး ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီးအတွင်း၌ နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ကိုင်ခွင့်ရယူထားပြီး အသုံးပြုခြင်းမရှိသည့် မြေလွတ်မြေရိုင်း ဧကနှစ်သိန်းခန့်ကို ပြန်လည်သိမ်းယူပြီးဖြစ်သဖြင့် အဆိုပါ မြေဧကများ အပါအဝင် စိုက်ပျိုးမွေးမြူရေးအတွက် လုပ်ကိုင်လိုသည့် မြေလွတ်မြေရိုင်းနေရာများအား ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှ ၂၀၁၉ ခုနှစ် မတ် ၁၀ရက်အထိ ၆လအတွင်း လျှောက်ထားနိုင်ကြောင်း တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြေလွတ်မြေရိုင်း ၂၀၄၅၃၁ ဧကကို လူပုဂ္ဂိုလ် နှင့်အဖွဲ့အစည်း ၁၁၆ ခုက လုပ်ကိုင်ခွင့်ရယူခြင်းများရှိခဲ့ကြောင်း၊ မြေ ၅၁၇၉ ဧကကိုသာ အကောင်အထည်ဖော်ထားသည်ကို စိစစ်တွေ့ရှိရပြီး ၁၉၉၃၅၂ ဧကကို ပြန်လည်သိမ်းဆည်းရန် လုပ်ဆောင်ခဲ့ရကြောင်း တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းက ပြောသည်။

"တိုင်းဒေသကြီး အဆင့်ရယ်၊ အထူးအဖွဲ့ရယ် စစ်ပြီးပြီ။ လုပ်ကိုင်ခွင့်ရယူထားသူတွေကို ထုတ်ပေးထားတဲ့ လက်မှတ်တွေကို ပြန်သိမ်းပြီးတော့ လက်ရှိလုပ်နေသလောက် နေရာကိုပဲ လက်မှတ်ထုတ်ပေးမှာပါ။ ကျန်တဲ့နေရာတွေကို အော်တိုမစ်တစ် သိမ်းပြီးသားဖြစ်သွားပါပြီ" ဟု ၎င်းကပြောသည်။

ယခင်က တိုင်းဒေသကြီးအဆင့်တွင် စိုက်ပျိုးမြေနှင့်ပတ်သက်၍ ဧက ၅၀ သာ ခွင့်ပြုနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၁ ရက်က အတည်ပြုခဲ့သော မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၃၀၀ အထိ၊ မွေးမြူရေးလုပ်ငန်းအတွက် ဧက ၅၀ အထိ ခွင့်ပြုနိုင်တော့မည်ဖြစ်သည်။

လျှောက်ထားရယူလိုသည့်မြေအတွက် တစ်ဧကလျှင် ပရီမီယံကြေးကျပ်တစ်သောင်း ပေးသွင်းရမည်ဖြစ်ကာ လေးနှစ်အတွင်း အကောင်အထည်ဖော်ပြီးမြောက်ရမည်ဖြစ်ကြောင်း၊ အကောင်အထည်မပေါ်ပါက ပရီမီယံကြေးများ ဆုံးရှုံးမည်ဖြစ်ကာ အောင်မြင်ပါက သွင်းထားသော ပရီမီယံကြေးများအပြင် ရာသီးနှံသုံးနှစ် စိုက်ပျိုးပြီး နောက်ပိုင်း ပေါင်နှံရောင်းချခွင့်ရှိသော ပုံစံ (၇) လက်မှတ်များ ရရှိခံစားရမည်ဖြစ်ကြောင်း၊ မြေလွတ်မြေရိုင်း တည်ရှိရာ ဒေသခံများအနေဖြင့်လည်း အမှန်အကန် လုပ်မည့်သူများကို နားလည်မှုပေးပြီး မျှမျှတတ လုပ်သင့်သည်ဟု ယူဆကြောင်း တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

**ဇေယျာတု (မကွေး)**

# ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် တစုန်းနုတ်လုပ်ငန်းများကို ၂၀၁၉ ခုနှစ်တွင် စတင်မည်

**မုံရွာ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် တစုန်းနုတ်ခြင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင်ပြီး နုတ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန (ရေလမ်းသတ်မှတ်ရေး) မှ သိရသည်။

မိုးရာသီ မြစ်ရေကြီးချိန်တွင် သစ်တောများအတွင်းမှ စီးမျောလာသောသစ်ပင်၊ သစ်ကိုင်းများ မြစ်ကြမ်းပြင်တစ်လျှောက်တွင် တင်ကျန်ရစ်ခဲ့သော တစုန်းငုတ်များကို မြစ်ရေနည်းပါးချိန်များတွင် မြစ်ကြောင်းတစ်လျှောက် ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး) မှ တစုန်းနုတ်ရေယာဉ် တနရ (၂) ဖြင့် လုပ်ဆောင်သွားမည် ဖြစ်သည်။

"တစုန်းနုတ်တဲ့ လုပ်ငန်းကိုတော့ နှစ်ဦးပိုင်းမှာ စတင်လုပ်ဆောင်မှာပါ။ အခုအခြေအနေကတော့ တစုန်းနုတ်ရေယာဉ်ကို ကြံ့ခိုင်ရေးပိုင်းတွေ ပြန်စစ်ဆေးနေပါပြီ။ အခုနှစ်ကတော့ မုံရွာကနေ စပြီး အထက်ပိုင်းကို နုတ်သွားမှာပါ "ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်စိုးက ပြောသည်။



အဆိုပါ လုပ်ငန်းအဖြစ် ဇန်နဝါရီလအတွင်း မုံရွာမှ မော်လိုက်အထိလည်းကောင်း၊ ဖေဖော်ဝါရီလအတွင်း မော်လိုက်မှ ဟုမ္မလင်းအပိုင်းကိုလည်းကောင်း ၅၅ တန်အထိ နုတ်သိမ်းသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရေလမ်းသတ်မှတ်ရေး)မှ လက်ထောက်ညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

## ယာဉ်မတော်တဆမှုများ မဖြစ်ပွားရေး ကော့မှူး၌ အသိပညာပေးဆောင်ရွက်

**ကော့မှူး ဒီဇင်ဘာ ၁၂-** ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း မလိုက်နာသည့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများကို အမှတ်(၅၃)ယာဉ်ထိန်းတပ်ဖွဲ့စုနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁၁ ရက်က မြို့သစ်ရပ်ကွက်၌ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဆိုင်ကယ်စီးရာတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ၊ နှစ်ယောက်ထက်ပိုမိုစီးနင်းသူများကို အပတ်စဉ်နေရာပြောင်း၍ ပညာပေးအရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်သူရ (ပြန်/ဆက်)**

## ဈေးကွက်ပေါက်ဈေး

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၂-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၇၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၉၇၀ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၉၈၀ ကျပ် | ၉၉၅/၁၀၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၉၅/၈၁၀ ကျပ် | ၈၅၀/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၆၀/၈၈၀ ကျပ် | ၉၂၀/၉၂၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၁ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၅ · ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၆ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၅ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၃၆ · ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၈ · ၄၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၇၅၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ · ၄၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၅ · ၉၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၀၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မျက်မှောက်ရုပ်ရှင် (အပိုင်း-၂)

သိပ္ပံစာရေးဆရာကိုကိုအောင်

**နာမည်ကျော်ရုပ်ရှင်ပြစက်များ**

ကမ္ဘာ့ ရုပ်ရှင်သမိုင်းတစ်လျှောက်တွင် ခေတ်ကာလကိုလိုက်၍ ရုပ်ရှင်ပြစက်များကို ထုတ်လုပ်မှုနှင့် အသုံးပြုမှုတို့ကလည်း လိုက်လျောညီထွေ ပြောင်းလဲခဲ့သည်။ အသံတိတ်ရုပ်ရှင်ခေတ်က အင်္ဂလန်နိုင်ငံလုပ် GK-37 နှင့် ဂျာမနီနိုင်ငံလုပ် Zeiss ရုပ်ရှင်ပြစက်များသည် နာမည်ကျော် အမှတ်တံဆိပ်များ ဖြစ်ခဲ့သည်။

အသံထွက်ရုပ်ရှင်ခေတ်သို့ ပြောင်းလဲရောက်ရှိလာသည့် အခါ၌မူ ဂျပန်နိုင်ငံလုပ် Toshiba TP-10 အမျိုးအစားကို လုပ်ငန်းရှင်တို့က ပို၍ နှစ်သက်လာခဲ့သည်။ နောက်ပိုင်းတွင် ကာဗွန်ချောင်းကိုမီးရှို့၍ပြရသော သမားရိုးကျ ရုပ်ရှင်ပြစက်များနေရာ၌ အီတလီနိုင်ငံလုပ် ဇီနွန်မီးသီးသုံး Victoria 5/S အမျိုးအစားများက နေရာယူလာခဲ့ကြသည်။

**သရုပ်ဆောင်တို့၏ကဏ္ဍ**

ရုပ်ရှင်ရိုက်ကူးသည့်အခါ ရိုက်ကူးမှု စက်ကိရိယာများ အစစအရာရာ ပြည့်စုံမှုရှိလျှင် သရုပ်ဆောင်များအနေဖြင့် သက်သောင့်သက်သာ သရုပ်ဆောင်နိုင်ကြရုံမျှမက ဇာတ်ဝင်ခန်းတစ်ခန်းအတွက် တစ်ကြိမ်သာလျှင် ရိုက်ကူးကြရသည်။ ရိုက်ကူးမှုစက်ကိရိယာများ ချို့တဲ့ခြင်း၊ ကင်မရာ တစ်လုံး နှစ်လုံးတည်းဖြင့် ရိုက်ကူးရခြင်းများ၌မူ သရုပ်ဆောင်များသည် ဇာတ်ဝင်ခန်းတစ်ခန်းတည်းကိုပင် အလီလီခွဲ၍ ရိုက်ကူးကြရခြင်းကြောင့် အကြိမ်ကြိမ်ပြန်၍ သရုပ်ဆောင်ကြရသဖြင့် ပင်ပန်းကြသည်။ သရုပ်ဆောင်ရာတွင် ခံစားမှု(Feeling)ကို လုပ်ယူကြရာ၌ ခံစားမှုတစ်ခုတည်းကို အလီလီခွဲ၍ ပြန်လည်အသက်သွင်းနေကြရသဖြင့် ဇာတ်ကား၏ သရုပ်ပါ အသက်ဝင်မှုကို အဟန့်အတားဖြစ်စေတတ်သည်။

**အထူးပြုလုပ်မှုရိုက်ချက်များ**

သမားရိုးကျ ဇာတ်လမ်းဇာတ်အိမ်မျိုး မဟုတ်ဘဲ ရောမ သတ္တဝါကြီးများ၊ ရေပြင်တိုက်ပွဲများ၊ ဝေဟင်တိုက်ပွဲများ၊ သဘာဝဘေးအန္တရာယ် ကျရောက်ပုံများ၊ ပေါက်ကွဲပျက်စီးမှုကြီးများ စသည်တို့ ပါဝင်သည့် ဇာတ်လမ်းမျိုးအတွက်မူ Animation Camera ခေါ် အထူးဖန်တီးမှုကင်မရာများကို အသုံးပြု၍ ရိုက်ကူးကြရသည်။

စားပွဲပေါ်၌ ပုံတူစက်ရုပ်အသေးများပြုလုပ်ကာ လှုပ်ရှားမှုကို အဝေးထိန်းခလုတ်ဖြင့် ထိန်းချုပ်၍လည်းကောင်း၊ ရေဇလုံကြီးထဲတွင် သင်္ဘောပုံစံငယ်လေးများ တည်ဆောက်ရွေ့လျားစေခြင်းဖြင့် လည်းကောင်း၊ အခန်းငယ်ကလေးထဲတွင် ဖန်တီးပြုလုပ်ထားသည့် စက်ကိရိယာနှင့် ပုံစံတူအရုပ်ကလေးများဖြင့်လည်းကောင်း Animation Camera ကို အသုံးပြုကာ တကယ်ဖြစ်နေသကဲ့သို့ထင်ရအောင် ရိုက်ကူးကြရသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့ကြီးကို မသမာသူတစ်စုတို့က ဖန်တီးပြုလုပ်ထားသော စက်ရုပ်ကင်းကောင်ကြီးက လိုက်လံဖျက်ဆီးနေမှုကို လူသားမိန်းမပျိုကလေးနှင့် ရင်းနှီးကျွမ်းဝင်နေသည့် ရောမကင်းကောင်ကြီးက တိုက်ခိုက်နှိမ်နင်းလိုက်သည့် King Kong Escape ဇာတ်ကားသည် လည်းကောင်း၊ ကမ္ဘာဦးလူသားတို့ကို တိုက်ခိုက်နေသော Gozilla ဇာတ်ကားသည် လည်းကောင်း၊ ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်နိုင်ငံ ပုလဲဆိပ်ကမ်းကို ဂျပန်တို့က လေတပ်အင်အား အလုံးအရင်းဖြင့် ဗုံးကြဲတိုက်ခိုက်သော Tora, Tora, Tora ဇာတ်ကားသည်လည်းကောင်း၊ ရေဒီယိုသတ္တိကြွရောင်ခြည်သင့်နေသည့် ခွေးကလေး လိုက်ပါလာသည့် ရထားကြီးကို အာဏာပိုင်တို့က အန္တရာယ်ချောက်ကမ်းပါးရှိရာသို့ အတင်းအကျပ် မောင်းနှင်စေခဲ့သော Cassendra Crossing ဇာတ်ကားသည်လည်းကောင်း၊ ခရီးသည်ပေါင်း ၂၂၂၇ ယောက်ကို တင်ဆောင်၍ အင်္ဂလန်နိုင်ငံ ဆောက်သင်တန်မြို့မှ အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ခရီးနှင်ခဲ့သော ဇိမ်ခံသင်္ဘောကြီး ဘေးဒုက္ခကျရောက်သည့် Titanic ဇာတ်ကားသည်လည်းကောင်း Animation Camera ဖြင့် ရိုက်ကူးခဲ့သောဇာတ်လမ်းများ ဖြစ်ကြသည်။

**ကာတွန်းရုပ်ရှင်ဇာတ်လမ်းများ**

လူသားသရုပ်ဆောင်တို့ပါဝင်သော ဇာတ်လမ်းဇာတ်အိမ်မျိုးမှခွဲထွက်ကာ ကာတွန်းဇာတ်ကောင်များဖြင့် ဖန်တီးထားသည့် ကာတွန်းရုပ်ရှင်များကိုလည်း ရိုက်ကူးထုတ်လုပ်ခဲ့ကြသည်။ ကာတွန်းဇာတ်လမ်း တစ်မိနစ်စာအတွက် ကာတွန်းပုံပေါင်း ရာနှင့်ချီ၍ ရေးဆွဲကြရသည်။ ပုံအရေအတွက် ပိုများပြီး အကွက်စိပ်လေလေ ကာတွန်းရုပ်၏လှုပ်ရှားမှု ပို၍ ပီပြင်လေလေဖြစ်သည်။ ဝေါ့ဒစ္စနေသည် ကာတွန်းဇာတ်လမ်းပေါင်း ရာနှင့်ချီ၍ ရေးဆွဲခဲ့သော ကမ္ဘာကျော် ကာတွန်းဆရာကြီး ဖြစ်ပြီး တစ်ကမ္ဘာလုံးက စံတင်ရလောက်သည့် စနိုးဝှိုက်နှင့် လူပုလေး ခုနစ်ယောက် ကာတွန်းဇာတ်လမ်းရှည်ကြီးကို ၁၉၃၇ ခုနှစ်က ဖန်တီးရိုက်ကူးခဲ့သည်။

အအေးပိုင်းဒေသတွင်နေထိုင်ကျက်စားသော သမင်တို့၏ ဘဝကိုဖော်ညွှန်းသည့် Bambi ဇာတ်လမ်းသည်လည်းကောင်း၊ လူကုံထံသူဌေးမကြီး မွေးမြူထားသည့် ကြောင်မိသားစုတစ်စု မမျှော်လင့်ဘဲ ဒုက္ခပင်လယ်ဝေခဲ့ပြီးမှ မူလသခင်ထံ ပြန်လည်ရောက်ရှိလာသည့် The Aristo Cats ဇာတ်လမ်းသည် လည်းကောင်း ဝေါ့ဒစ္စနေ၏ ထင်ရှားကျော်ကြားခဲ့သော ကာတွန်းဇာတ်လမ်းရှည်ကြီးများ ဖြစ်ကြသည်။

**ခေတ်ပြောင်းခဲ့ပြီ**

နှစ်ဆယ်ရာစု၏ အလယ်ပိုင်းကာလအလွန်တွင် ရုပ်ရှင်ကင်မရာဖြင့်ရိုက်ကူးရန် ခက်ခဲသည့် အထူးပြုလုပ်ချက် (Special Effects)များကို ကွန်ပျူတာဖြင့်ဖန်တီးပြီး ရုပ်ရှင်ဇာတ်ကားများတွင် ဖြည့်စွက်ပေးခဲ့ကြသည်။ ကွန်ပျူတာဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးထုတ်လုပ်ခဲ့သည့် Star Wars၊ Deep Rising၊ Dragon Heart စသော ရုပ်ရှင်ဇာတ်ကားကြီးများနှင့် Star Track ၊ Time Track စသော ရုပ်သံဇာတ်လမ်းတွဲများသည် ကမ္ဘာ့ပရိသတ်တို့၏ အသည်းနှလုံးကို ညို့ယူဖမ်းစားနိုင်ခဲ့ကြသော ကမ္ဘာကျော်ဇာတ်လမ်းများ ဖြစ်ကြသည်။

ထို့အပြင် လူသားသရုပ်ဆောင်များလည်း ပါဝင်မှုမရှိ၊ ကာတွန်းရုပ်ရှင်လည်းမဟုတ်သည့် ကွန်ပျူတာဖန်တီးမှုသက်သက် ဇာတ်လမ်းများသည်လည်း ၂၀ ရာစု နှောင်းပိုင်းကာလတွင် စတင်ပေါ်ထွက်လာခဲ့သည်။ ကွန်ပျူတာ နည်းပညာများ တိုးတက်လာသည်နှင့်အမျှ ရုပ်ရှင်ဖလင်ထဲမှ ရုပ်ပုံများကို ကွန်ပျူတာထဲသို့ တိုက်ရိုက်ထည့်သွင်းနိုင်ခြင်း၊ ကွန်ပျူတာဖြင့် ဖန်တီးထားသော ဇာတ်ကောင်များကို ရုပ်ရှင်ဖလင်ကော်ပြားပေါ်သို့ ပြောင်းလဲ ပုံဖော်ပေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြပြီဖြစ်သည်။

ယခင်က ပုံစံတူစက်ရုပ်လေးများပြုလုပ်ကာ Animation Camera ဖြင့် ရိုက်ကူးခဲ့ကြရသော ကင်းကောင်၊ ဂေါ်ဇီလာ၊ ဒိုင်နိုဆောကဲ့သို့သော ဇာတ်ကားမျိုးကို ကွန်ပျူတာဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီး၍ လူသားသရုပ်ဆောင်များ၏ သရုပ်ဆောင်ချက်များနှင့် ပေါင်းစပ်ရိုက်ကူး တင်ဆက်နိုင်ကြပြီဖြစ်သည်။ ယခင်က ကြီးမားကျယ်ပြန့်ခဲ့သော ရုပ်ရှင်ရိုက်ကူးမှုလုပ်ငန်းသည် ခေတ်မီတိုးတက်သော စက်ကိရိယာ အနည်းငယ်မျှဖြင့် ကျစ်ကျစ်လျစ်လျစ်ဆောင်ရွက်နိုင်သော လုပ်ငန်းတစ်ခုအဖြစ်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။



၂၁ ရာစု၏ အအောင်မြင်ဆုံးရုပ်ရှင်များထဲတွင် အပါအဝင်ဖြစ်သည့် Avatar ရုပ်ရှင်

**မျက်မှောက်ရုပ်ရှင်**

ကမ္ဘာ့ရုပ်ရှင်သမိုင်းတစ်လျှောက်တွင် ထူးထူးခြားခြား အောင်မြင်ကျော်ကြားခဲ့သော ရုပ်ရှင်ဇာတ်လမ်းများစွာနှင့် ရုပ်ရှင်သရုပ်ဆောင်များစွာတို့ ပေါ်ထွန်းခဲ့သည်။ တစ်ချိန်က ဟောင်ကောင်ရုပ်ရှင်မင်းသား ဘရုစ်လီသည် ကင်မရာလှည့်စားချက်များကိုမသုံးဘဲ ကိုယ်တိုင် ကျွမ်းကျင်တတ်မြောက်သော ကွန်ဖူးပညာဖြင့် ပကတိ အရှိအတိုင်း ရိုက်ကူးတင်ဆက်ခြင်းဖြင့် လျှမ်းလျှမ်းတောက် နာမည်ကျော်ကြားခဲ့သည်။

ကမ္ဘာကျော်စာရေးဆရာကြီး လီယိုတော်စတွိုင်းလ်က ခုနစ်နှစ်တိုင်တိုင် ရေးသားခဲ့ရသည့် စစ်နှင့် ငြိမ်းချမ်းရေး (War & Peace) ဇာတ်လမ်းရှည်ကြီးကို ပြဇာတ်အဖြစ် စင်တင်ပြသရာတွင် ခုနစ်ရက် ကြာမြင့်ခဲ့ပြီး၊ ရုပ်ရှင်အဖြစ် တင်ဆက်ရာ၌မူ ပြသချိန် ခုနစ်နာရီ ကြာမြင့်သည့်အတွက် ပရိသတ်များကို နှစ်ပိုင်းခွဲ၍ ပြသခဲ့ရသည်။

သမားရိုးကျ ရုပ်ရှင်အတတ်ပညာသက်သက်ဖြင့်သာ ရိုက်ကူးထုတ်လုပ်ခဲ့သည့် My Fair Lady နှင့် Sunflower တို့သည်လည်း ပရိသတ်တို့၏ နှလုံးသားထဲ၌ စွဲထင်ကျန်ရစ်ခဲ့သော ကမ္ဘာကျော် Drama ဇာတ်ကားများ ဖြစ်ခဲ့သည်။

ကမ္ဘာကျော်ကာတွန်းဆရာကြီး ဝေါ့ဒစ္စနေ၏ Lion King ကာတွန်းရုပ်ရှင်ဇာတ်ကားသည်လည်း Snow White နှင့် Bambi တို့ကဲ့သို့ပင် နာမည်ကျော်ကြား လူကြိုက်များခဲ့သည်။ ကွန်ပျူတာဖန်တီးချက်များဖြင့် ရိုက်ကူးထားသည့် ပြဒါးလူသားဇာတ်ကောင် ပါဝင်သော Terminator 2 ဇာတ်လမ်းသည် မဖြစ်နိုင်မှန်းသိလျက်နှင့် စိတ်လှုပ်ရှားရသော ရုပ်ရှင်ဇာတ်ကားအဖြစ် နာမည်ကျော်ကြားခဲ့သည်။

လူသားသရုပ်ဆောင်နှင့် ကွန်ပျူတာဖန်တီးချက်များကို ပေါင်းစပ်ထားသော Space Jam ဇာတ်ကားသည်လည်း ဘတ်စကက်ဘောကစားနည်းကိုအခြေခံထားသည့် အားကစားပရိသတ်အကြိုက် ရုပ်ရှင်ဇာတ်လမ်းတစ်ခုအဖြစ် အောင်မြင်မှုရရှိခဲ့သည်။

ကွန်ဖူးပညာကို ဟာသနှော၍ စနစ်ကျစွာ ရိုက်ကူးတတ်သော ဂျက်ကီချန်း၏ Operation Condor ဇာတ်ကားသည် ကင်မရာများစွာကိုတစ်ပြိုင်တည်းသုံး၍ ရိုက်ကူးခဲ့သော ရုပ်ရှင်ဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသရှိ အာရပ်များကပင် သြချရလောက်အောင် ချီးမွမ်းခံခဲ့ရသော ဇာတ်ကားဖြစ်ခဲ့သည်။

ကွန်ပျူတာဖန်တီးချက်သက်သက်ဖြင့်သာ ရိုက်ကူးထုတ်လုပ်ခဲ့သော Ant-Z ကို ကမ္ဘာ့ ပထမဦးဆုံးသော ရာနှုန်းပြည့် ကွန်ပျူတာနည်းပညာသုံးဇာတ်ကားအဖြစ် ထူးခြားစွာ တင်ဆက်နိုင်ခဲ့သည်။

ယခင်က စိတ်ကူးယဉ်သက်သက်ဖြင့် ရိုးရှင်းစွာ ရိုက်ကူးတင်ဆက်ခဲ့သော လင်းနို့လူသား(Batman)ဇာတ်လမ်းကို ကွန်ပျူတာဂရပ်ဖစ်ပညာနှင့် Animation ရိုက်ချက်များဖြင့် ထပ်မံဆန်းသစ်ထားသော ခေတ်လွန်သိပ္ပံကားသစ် Batman & Robin သည်လည်း စိတ်ကူးယဉ် ဇာတ်လမ်းမှန်းသိလျက်နှင့် အလွန်ကြည့်ကောင်းသည့်ဇာတ်ကားအဖြစ် လူကြိုက်များခဲ့သည်။

**၂၁ ရာစု၏ အအောင်မြင်ဆုံးရုပ်ရှင်**

အော်စကာ ၁၁ ဆုရ Titanic ဇာတ်ကားဖြင့် ကမ္ဘာကျော်ခဲ့သော ရုပ်ရှင်ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်သည် သမားရိုးကျ ဇာတ်အိမ်များမှခွဲထွက်၍ ခေတ်လွန်သိပ္ပံရုပ်ရှင် Avatar ဇာတ်ကားကို ရိုက်ကူးခဲ့ပြီး ဝင်ငွေအများဆုံးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ယင်းဇာတ်ကားတွင် သက်ရှိဂြိုဟ်သားမျိုးနွယ်စုတို့၏ ထူးဆန်းသည့် ပုံပန်းသဏ္ဌာန်ကို ကွန်ပျူတာပညာဖြင့် စိတ်ကြိုက်ပုံဖော်ပြီး လူသားသရုပ်ဆောင်တို့၏ ပကတိမျက်နှာနှင့် ပေါင်းစပ်ပေးလိုက်ခြင်းဖြင့် မျိုးနွယ်စုဝင်တို့၏ မတူကွဲပြားသောရုပ်ရည်အမျိုးမျိုးကို သဘာဝကျအောင် ဖန်တီးရိုက်ကူးခဲ့သည်။

အလားတူပင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က အောင်မြင်ကျော်ကြားခဲ့သည့် Planet of The Apes ဇာတ်ကား၏ မျိုးဆက်သစ်ဇာတ်ကားဖြစ်သော Rise of The Planet of The Apes ကို ရုပ်ရှင်အတတ်ပညာရှင်တို့က ရိုက်ကူးရာတွင်လည်း Avatar ဇာတ်ကားမှာကဲ့သို့ပင် လူသားသရုပ်ဆောင်တို့၏ ပကတိမျက်နှာနှင့် ကွန်ပျူတာပုံဖော်ပညာကို ပေါင်းစပ်ပေးကာ လူဝံပေါင်းများစွာတို့ကို တစ်ကောင်နှင့်တစ်ကောင် ရုပ်ရည်မတူအောင် ဖန်တီးရိုက်ကူးပြီး ဝင်ငွေစံချိန်တင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

**သရီးဒီရုပ်ရှင်**

ရုပ်ရှင်ရိုက်ကူးရာ၌ နည်းပညာများ ပြောင်းလဲတိုးတက်လာသည့်နည်းတူ ရုပ်ရှင်ပြသရာ၌လည်း သမားရိုးကျမြင်ကွင်းမှသည် သုံးဖက်မြင်ရုပ်ကြွမြင်ကွင်း(3-Dimension)အဖြစ်သို့ နည်းပညာများက တွန်းပို့ပေးခဲ့သည်။ ကွန်ပျူတာစနစ်ဖြင့် ချိတ်ဆက်ထားသော ရုပ်ရှင်ပြစက်များက ဆုံမှတ်( Focal Point)မတူညီသော ရုပ်ပုံများကို ပိတ်ကားပေါ်၌ ပြသပေးနေစဉ် ရုပ်ရှင်ကြည့်ပရိသတ်တို့တပ်ဆင်ထားသော မျက်မှန်က ဆုံချက်(Focus)ကို ရှာဖွေပေးလိုက်သည့်အတွက် ရုပ်လုံးကြွပုံသဏ္ဌာန်ကို မြင်တွေ့ကြည့်ရှုကြရသည်။

ရုပ်ရှင်ဇာတ်ကားတစ်ကားကို သရီးဒီစနစ်ဖြင့် ထုတ်လုပ်ရာ၌ သမားရိုးကျထုတ်လုပ်မှုထက် ကုန်ကျစရိတ် ပိုမိုများပြားသည့်အတွက် သာမန်အားဖြင့် ရုပ်ရှင်ထုတ်လုပ်သူတို့သည် သရီးဒီရုပ်ရှင်ကို တိုက်ရိုက်ထုတ်လုပ်လေ့မရှိဘဲ အောင်မြင်မှုရရှိပြီးသည့် ရုပ်ရှင်ဇာတ်ကားအချို့ကိုသာ သရီးဒီစနစ်သို့ ပြောင်းလဲပြီး ထပ်မံထုတ်လုပ်ကြသည်။ ဂမ္ဘီရဆန်သော စိတ်နယ်လွန် သရီးဒီရုပ်ရှင်များသည် ပီပြင်ပြောင်မြောက်လွန်းသည့်အတွက် စိတ်မခိုင်သူများအနေဖြင့် ကြည့်ရှုရန် မသင့်ပေ။

**အနာဂတ်ရုပ်ရှင်**

မျက်မှောက်ရောက်ရှိနေဆဲကာလသည် သိပ္ပံနှင့်နည်းပညာ အလွန်တိုးတက်သောအချိန် ဖြစ်သည်နှင့်အညီ အံ့မခန်းဖန်တီးမှုများကို ကြည့်ရှုခံစားနိုင်ကြသည့် အချိန်ကာလပင် ဖြစ်သည်။ လာမည့်အနာဂတ်ကာလတွင်လည်း သိပ္ပံသဘောသက်သက်မျှသာ မဟုတ်တော့ဘဲ သိပ္ပံသဘောနှင့် သက်ရှိသဘောတို့ရောယှက်နေသည့် ဆိုက်ဘာနက်တစ်(Cyber-nectics)နယ်ပယ်ကြီး ကျယ်ပြန့်လာတော့မည် ဖြစ်သည်။

Avatar ရုပ်ရှင်ဇာတ်ကားသည် ဆိုက်ဘာနက်တစ်သဘော၏ မိတ်ဆက်နိဒါန်းမျှသာဖြစ်သည်။ အနာဂတ်ကာလတွင် အနန္တစကြဝဠာအတွင်း၌ မျှော်မှန်းမထားသော ရှာဖွေတွေ့ရှိမှုများစွာတို့က လက်ရှိအတည်ပြုထားသော သီအိုရီနှင့် အယူအဆများကိုပင် ပြန်လည်သုံးသပ်ရမည့် အနေအထားသို့ ရောက်ရှိလာစေနိုင်သည်။

တစ်ချိန်က စိတ်ကူးယဉ် ဇာတ်လမ်းအချို့သည် လက်ရှိလူမှုနယ်ပယ်၌ ကြုံတွေ့နေရမှုများနှင့် နီးစပ်လာနေသည်ကို သတိပြုသင့်ကြသည်။ ကမ္ဘာကျော် စိတ်ကူးယဉ်ဇာတ်လမ်းများကို ဖန်တီးထုတ်လုပ်ခဲ့သူများသည် မျက်ရမ်းမှန်းဆလုပ်ဆောင်ခဲ့ခြင်းမဟုတ်ဘဲ ဘာသာရပ်အသီးသီး၊ နယ်ပယ်အသီးသီးတို့နှင့်ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီနှင့် အထောက်အပံ့များကို ရယူပြီးမှသာ လုပ်ဆောင်ခဲ့ကြသောကြောင့်ဖြစ်သည်။

ထို့ကြောင့်ပင် လာမည့် အနာဂတ်ကာလ၌ ကွန်ပျူတာနည်းပညာဖြင့် ပေါင်းစပ်ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်လမ်းများသည် ယခုအချိန်မှာထက်ပို၍ စိတ်လှုပ်ရှားဖွယ်၊ ရင်သပ်ရှုမောဖွယ်၊ တုန်လှုပ်ချောက်ချားဖွယ် ကောင်းလာမည်မှာ သေချာနေပေတော့သည်။ ။



ကွန်ပျူတာဖန်တီးချက်များဖြင့် ရိုက်ကူးခဲ့သည့် Terminator 2 ရုပ်ရှင်မှ ဇာတ်ဝင်ခန်းတစ်ခန်း

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စန္ဒာသွယ် တွံတေးတောကြီးတန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းနှင့် အမျိုးသမီးပြုစုစောင့်ရှောက်ရေးစခန်းတို့ကို စစ်ဆေး



**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်စန္ဒာသွယ်သည် ရန်ကုန်တောင်ပိုင်းခရိုင် ဒုတိယတရားသူကြီး ဒေါ်မိမိခိုင်နှင့် တွံတေးမြို့နယ် တရားသူကြီးတို့နှင့်အတူ ယမန်နေ့က တွံတေးမြို့နယ် တောကြီးတန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းနှင့် အမျိုးသမီးပြုစုစောင့်ရှောက်ရေးစခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးသည် စခန်းရှိ အကျဉ်းသားများနှင့်တွေ့ဆုံ၍ ဥပဒေပါ အခွင့်အရေးများ ခံစားရရှိခွင့်ရှိ မရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် အသက်မွေးမှုအတတ်ပညာသင်ကြားပေးမှုများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

**သတင်းစဉ်**

# လောင်းရှည်မြို့(မြို့ဟောင်း)နှစ် ၁၀၀၀ ပြည့်ပွဲ ကျင်းပရန် စီစဉ်

**ဆော ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် လောင်းရှည်(မြို့ဟောင်း) နှစ် ၁၀၀၀ ပြည့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဘုရားစေတီ၊ ဘုန်းတော်ကြီးကျောင်းများ၊ ရေကန်၊ ရေမြောင်းများနှင့် သမိုင်းတွင်ဖော်ပြပါရှိသည့် နေရာများကို လေ့လာကြည့်ရှုနိုင်ကြရန် ဒေသနေပြည်သူများက ပြုပြင်ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ပြုပြင်ထားသည့်အနက် လည်ပေါ်ကျောင်းလည်း အပါအဝင်ဖြစ်ရာ အဆိုပါကျောင်းမှာ ကုန်းဘောင်ခေတ် သီပေါမင်းကိုးကွယ်ခဲ့သည့် ဆရာတော်ဦးမေဓာ၏ ကျောင်းဖြစ်ကြောင်း၊ ဆရာတော်အား လောင်းရှည်မြို့သို့ ပင့်ဆောင်၍ လည်ပေါ်ကျောင်းကို လှူဒါန်းခဲ့သည့် ကျောင်းဒါယကာမှာ လောင်းရှည်မြို့အုပ် ဦးယင်းမာနှင့်ဇနီး ဒေါ်ချိန်မိသားစု ဖြစ်ကြောင်း၊ ဆရာတော် ဦးမေဓာကို အင်္ဂလန်တိုင်း အိန္ဒိယဝန်ရှင်တော်က မာလာလင်္ကာရဇဗမ္မသေနာပတိ အတုလဘွဲ့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သမိုင်းသုတေသီ ဦးစောမင်းနိုင်က ပြောသည်။

ကျောင်းဆောင်မှာ ယိုယွင်းပျက်စီးလာသဖြင့် ဆရာတော် ဦးဣန္ဒာစရိယက ဦးဆောင်၍ ၁၉၈၄ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ခဲ့ရာ မူလကျောင်းထိုင်ဆရာတော် ဦးမေဓာအား ဦးထိပ်ထားသည့်အနေဖြင့် မာလာလင်္ကာရဇဗ ဓမ္မသေနာပတိ အတုလဘွဲ့တွင် ဖော်ပြပါရှိသည့် နရားရုပ်ကို ကျောင်းလှေကားလက်ရန်းတွင် ရုပ်လုံးပုံဖော်ခဲ့သည်ဟု သိရသည်။ လက်ရန်းတွင် ထုဆစ်ထားသည့် နရား၏ ဦးခေါင်းမှာ ကျောင်းဘက်သို့ လှည့်ထားရာ နရားခေါင်းရှေ့သို့ လှည့်ထားလျှင် မျက်နှာမူရာအရပ်၌ အန္တရာယ်တစ်စုံတစ်ရာ မကျရောက်စေရန်ဟုလည်းကောင်း၊ ဓမ္မစကားများ ဟောကြားသည့် ဘုန်းတော်ကြီး ကို အစဉ်သတိရပါဟု သတိပေးနေခြင်း ဖြစ်သည်ဟု လည်းကောင်း ဒေသခံများကပြောသည်။

**ကျော်သန်းဆွေ**

# ကာဘိုးရေလွှဲဆည်မှ မိုးစပါးစိုက်ဧက သုံးသိန်းကျော် အောင်မြင်စွာ ရေပေးဝေနိုင်ခဲ့



**နေပြည်တော် ဒီဇင်ဘာ ၁၂**

ကာဘိုးရေလွှဲဆည်မှ ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါး ရေပေးရာသီတွင် စိုက်ဧက ၃၂၁၀၃၅ ဧကကို ရေပေးဝေနိုင်ခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

သဖန်းဆိပ်ရေလှောင်တမံ မတည်ဆောက်ခင်က ကာဘိုးရေလွှဲဆည်မှ မိုးစပါး ဧက ၂ ဒသမ ၈ သိန်းခန့်သာ စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးစိုက်ပျိုးရေပေးဝေနိုင်ခြင်းမရှိဘဲ နွေသောက်သုံးရေသာ ပေးဝေနိုင်ခဲ့ကြောင်း၊ သဖန်းဆိပ်ရေလှောင်တမံတည်ဆောက်ပြီး နောက်ပိုင်း ရေလှောင်တမံအတွင်း ဆည်ရေများ သိုလှောင်ထားခဲ့သဖြင့် ကာဘိုး ရေလွှဲဆည်တွင် ယခင်နှစ်များကထက် မိုးစပါး ပိုမိုစိုက်ပျိုးနိုင်ခဲ့သည့်အပြင် နွေစပါးနှင့် အခြားသီးနှံ ဧက ၂ ဒသမ ၅ သိန်းခန့်ကိုပါ နှစ်စဉ် စိုက်ပျိုးနိုင်ခဲ့ ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမြတ်ထွန်းထံမှ သိရသည်။

ကာဘိုး ရေလွှဲဆည်ကို ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာအနီးရှိ မူးမြစ်ကို ပိတ်၍ ၁၉၀၁ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၀၅ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ ယခုချိန်အထိ ရွှေဘို၊ ရေဦး၊ ခင်ဦး၊ ဒီပဲယင်း၊ ဝက်လက်၊ အရာတော်၊ စစ်ကိုင်းမြို့နယ်များအတွင်းရှိ တောင်သူများအတွက် စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**သိခ်**

## မှုခင်းသတင်း

# ရတနာပုံဆိုက်ဘာစီးတီး ဒုတိယနှစ်ကျောင်းသားစီးနင်းလာသည့်ဆိုင်ကယ်ကို ရိုက်နှက်လုယက်၍ လူသေဆုံးသွားသည့်အမှုမှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်အရေးယူထား

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ အောင်ရတနာ အမျိုးသမီးဆောင်နေ မဇူးဇူးဟန်ကို (၁၈နှစ်)(ICT သတင်းအချက်အလက် ဆက်သွယ်ရေး ဒုတိယနှစ်၊ ရတနာပုံ ဆိုက်ဘာစီးတီး၊ နည်းပညာတက္ကသိုလ်) သည် ဒီဇင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲက သူငယ်ချင်းဖြစ်သူ ဗိုလ်စောအမျိုးသား အဆောင်နေ ထက်လင်းသန့် (၁၈ နှစ်) (ICT သတင်းအချက်အလက် ဆက်သွယ်ရေး ဒုတိယနှစ်၊ ရတနာပုံ ဆိုက်ဘာစီးတီး၊ နည်းပညာတက္ကသိုလ်)မောင်းနှင်လာသည့် ရတနာပုံမြို့သစ် အိမ်ရာစီမံကိန်း ကျောက်ခင်းလမ်း အတိုင်း ၅ဝယ/.... Honda Wave 110 ဆိုင်ကယ်ဖြင့် လိုက်ပါလာစဉ် လားရာတူနောက်မှ အမျိုးသားသုံးဦး စီးနင်းလိုက်ပါလာသည့် အမျိုးအစားမမှတ်မိဆိုင်ကယ်တစ်စီးမှာ ထက်လင်းသန့်မောင်းနှင်သည့် ဆိုင်ကယ်အနားသို့ ကပ်လာပြီး ဆိုင်ကယ်ချင်း ချိတ်မိအောင်ပြုလုပ်ခဲ့သဖြင့် ထက်လင်းသန့်၏ ဆိုင်ကယ်မှာ လဲကျသွားခဲ့ကြောင်း၊ အဆိုပါ အမျိုးသား သုံးဦးထဲမှ တစ်ဦးက သစ်သားတုတ်ဖြင့် ထက်လင်းသန့်၏ ဦးခေါင်းအား ရိုက်နှက်ခြင်း၊ မဇူးဇူးဟန်ကိုကို ရိုက်နှက်ခြင်းတို့ ပြုလုပ်ကာ ထက်လင်းသန့်၏ဆိုင်ကယ်ကို လုယူ၍ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်းနှင့် ထက်လင်းသန့်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားပြီး မဇူးဇူးဟန်ကိုတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ပြင်စာနယ်မြေ ရဲစခန်းက အမှုဖွင့် စစ်ဆေးခဲ့သည်။



ရဲတပ်ဖွဲ့ဝင်များသည် စီစီတီဗီ မှတ်တမ်းများအရ ပြစ်မှုကျူးလွန်သူများအား လိုက်လံစုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူများအနက်မှ အုန်းချောကျေးရွာနေ ကုဌေးစိုး (ခ) ငစိုး (၁၉) နှစ်နှင့် တစ်ရွာတည်းနေ မှုံကြီး (ခ) နေသူအောင် (ခ) ပြည့်စုံအောင် (၁၈)နှစ်အား ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အား စစ်ဆေးချက်အရ ပြစ်မှုကျူးလွန်သူ ဆည်တော်လေးကျေးရွာနေ စုရှ (ခ) ကျော်ကျော်သင်း(၁၉)နှစ်အား အုန်းချောကျေးရွာတွင် ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပြည်သူ့စကားဝိုင်းများကျင်းပ

**မန္တလေး**

မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ကျင်းပသည့် လူငယ်နှင့် ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဒီဇင်ဘာ ၁၁ ရက်က မဟာအောင်မြေမြို့နယ် ပေါင်းလဲဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပသည်။

ပြည်သူ့စကားဝိုင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်အောင်၊ တိုင်းအမျိုးသမီးကော်မတီမှ ဒေါ်လှိုင်ယဉ်နွယ်၊ စာရေးဆရာဇော်ခိုင်ဦး၊ ဒေါက်တာ တေဇာစန်းနှင့် ကဗျာဆရာ မောင်ဖြိုးဝေတို့က လူငယ်နှင့် ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် စကားဝိုင်းကို ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

**ခင်ခင်ဝင်း(ပညာရေး)**



**ပြင်ဦးလွင်**

ကျေးလက်နှင့် မြို့ပြကွာဟမှု မရှိစေရေး ကျေးရွာနေပြည်သူများ လူနေမှုအဆင့်မြင့်မားလာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက်က ပြင်ဦးလွင်မြို့နယ် ဝက်ဝံဘူတာကျေးရွာ ရွှေဝက်ဝံဘက်စုံသုံးခန်းမ၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာရေးဆရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဝက်ဝံကျေးရွာ၊ ဝက်ဝံဘူတာ၊ ဘိုးနေဒွန်း၊ ပိတ်ချင်းမြောင်၊ စိန်ပန်း၊ မြိုင်ကြီးကျေးရွာများမှ တောင်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက မိမိတို့ကျေးရွာတိုင်းမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ လယ်ယာမြေလုပ်ပိုင်ခွင့်ကိစ္စရပ်များနှင့် ပုံစံ(၇) ရရှိရေး၊ ကုန်ထုတ်လုပ်ငန်း အဆင်ပြေစေရေးအတွက် ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ပြီး စားသောက်ရသည့်အတွက် စိုက်ပျိုးချေးငွေများ အရင်ထက် ပိုမိုရရှိရေးနှင့် စိုက်ပျိုးရေးအသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးငယ်များ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဒေသခံတောင်သူများကလည်း မိမိတို့ကျေးရွာတွင် လိုအပ်သည့် မေးမြန်းဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက အသေးစိတ်ရှင်းလင်း ပြန်လည်ဖြေကြားခဲ့သည်။

**ဇော်မျိုးထိုက် (ပြင်ဦးလွင်)**

**ဇလွန်**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသော ပြည်သူ့စကားဝိုင်း “လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်” ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက်က အ.ထ.က မေရီလန်း၌ ကျင်းပခဲ့သည်။

လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်၊ ဇလွန်မြို့မရဲစခန်းမှူး ဒုရဲမှူး စိုးမြင့်၊ မြို့နယ်ပညာရေးမှူး ဦးအောင်ဇေယျ၊ မေရီလန်းလက်ထောက်ကျန်းမာရေးမှူး ဒေါ်ခိုင်ခင်သန်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ချမ်းမြေ့ဝင်းတို့က မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာများ၊ ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် ကျောင်းသားကျောင်းသူများက မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

**နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက်၌ မှုခင်းကျဆင်းရေး၊ မုဒိမ်းမှု၊ လူကုန်ကူးမှု၊ ခိုး၊ ဆိုး၊ လုယက်မှုများ မဖြစ်ပွားစေရေးအတွက် ရပ်ကွက်နေပြည်သူများအား အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၈ ရက်က ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပခဲ့ရာ ထုံးဖိုမြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ဒုရဲမှူးရည်မွန်က အသိပညာပေးဟောပြောစဉ်။**

ကိုကိုရှုပ (နေပြည်တော်)



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်၊ UNDP ၏ လက်ထောက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

စစ်တွေ ဒီဇင်ဘာ ၁၂

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးတို့နှင့်အတူ ပြည်နယ်ဝန်ကြီးချုပ် ညှိနှိုင်းခန်းမ၌ ဒီဇင်ဘာ ၁၀ ရက်က ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ UNDP ၏ လက်ထောက် အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Haoliang Xu နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံစဉ် UN အနေဖြင့် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ နှစ်ပေါင်းများစွာကြာဆောင်ရွက်နေမှု၊ အခြားသောရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးပန်းတိုင်ကို ပြည့်မီအောင်ဆောင်ရွက်မှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်မှု၊ တရားဥပဒေစိုးမိုးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ရာသီဥတုကူးပြောင်းမှုဒဏ်ခံနိုင်မှု စသည့်လုပ်ငန်းတွင်ကူညီဆောင်ရွက်နေမှု၊ UN နှင့်နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ရခိုင်ပြည်နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူသားချင်းစာနာမှုအကူအညီများပေးနေမှု၊ ဂျပန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံတွင် အကူအညီအထောက်အပံ့များပေးနေမှု၊ ရှေ့ဆက် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်မည့် အခြေအနေများ၊ ပြည်နယ်အတွင်းရှိမြို့နယ်များတွင် ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် အခြေအနေများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ လမ်းညွှန်မှုနှင့် ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နေမှု၊ ကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နှင့် ဒုတိယသမ္မတ(၁) ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်ရှင်များ ဖွဲ့စည်းပြီး ဆောင်ရွက်နေမှု၊ အကြံပေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်နေမှု စသည့်ကဏ္ဍများကို ဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ UNDP ၏ လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့်အတူ UNHCR အာရှပစိဖိတ်ဒေသ ဒုတိယညွှန်ကြားရေးမှူး၊ Mr. Bernard Doyle၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro Maruyama ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂနှင့် UNDP၊ UNHCR တို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **တင်ထွန်း (ပြန်/ဆက်)**

# အင်္ဂမအကြိမ်မြောက် MSMEs Products ဒေသတွင်းထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**မော်လမြိုင် ဒီဇင်ဘာ ၁၂**

ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ MSMEs Products ဒေသတွင်း ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလှည့်ကျ ကျင်းပလျက်ရှိရာ ယခု အင်္ဂမအကြိမ်မြောက်အဖြစ် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ ပူးပေါင်းကျင်းပမည့် MSMEs Products ဒေသတွင်း ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး (၂/၂၀၁၈) ကို ဒီဇင်ဘာ ၁၀ ရက်က မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ နာယက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အမှာစကားပြောကြားပြီး တက်ရောက်လာကြသော လုပ်ငန်းကော်မတီများမှ MSMEs Products ဒေသတွင်းထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။



အဆိုပါ အင်္ဂမအကြိမ်မြောက် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ ပူးပေါင်းကျင်းပမည့် MSMEs Products ဒေသတွင်းထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲကို မော်လမြိုင်မြို့တွင် ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနား "MSMEs ဖွံ့ဖြိုးတိုးတက်မှုမှသည် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆီသို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ၊ MSMEs ထုတ်ကုန်များ မိတ်ဆက်ခြင်းနှင့် Knowledge Sharing အခမ်းအနားကို ပြည်နယ်ခန်းမ၌ လည်းကောင်း၊ ပြပွဲနှင့် ဈေးရောင်းပွဲကို မော်လမြိုင်မြို့တိုးချဲ့ကမ်းနားလမ်း၌ လည်းကောင်း၊ ပြိုင်ပွဲကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံး၌ လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ယင်း MSMEs Products ဒေသတွင်းထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတွင် နိုင်ငံကျော် အဆိုတော်များကလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း ယခုပြုလုပ်သော ညှိနှိုင်းအစည်းအဝေးမှ သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# မြေယာတိုင်းတာမှုလုပ်ငန်းများအတွက် နည်းပညာနှင့် ကျွမ်းကျင်မှု လိုအပ်နေဆဲဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြေပြင်ကွင်းဆင်း၍ မြေယာတိုင်းတာမှုလုပ်ငန်း လုပ်ကိုင်ရာတွင် အချိန်၊ ငွေကြေးနှင့် လုပ်အား ကုန်ဆုံးမှုနည်းစေရန် ဂြိုဟ်တုနည်းပညာနှင့် GIS နည်းပညာတို့ကို ကမ္ဘာတစ်ဝန်းတွင် အသုံးပြုလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း မြေယာကဏ္ဍသည် အရေးပါသောကဏ္ဍအဖြစ်ရှိနေ၍ မြေယာတိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာနှင့် ကျွမ်းကျင်မှုများကို အဆင့်မြှင့်တင်ရန် လိုအပ်နေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေး




သင်တန်းဆင်းပွဲတွင် ဆုရရှိသူတစ်ဦးအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။

ရေးကျောင်း၌ ဒီဇင်ဘာလပထမပတ်က ကျင်းပခဲ့သည့် သင်တန်းဆင်းပွဲတွင် တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။

"မြေယာပြဿနာတွေဖြစ်လာရင် အရင်က ဘာတွေလုပ်ခဲ့တယ်ဆိုတာ စာရွက်စာတမ်းကို ပြန်ပြီးရှာဖွေရတဲ့အခါမှာ အခက်အခဲရှိတယ်။ အခု GIS ကို သုံးတဲ့အခါမှာ အချိန်တိုအတွင်း လွယ်လွယ်ကူကူနဲ့ အချက်အလက်တွေရရှိတဲ့အတွက် မြန်ဆန်စွာ ထုတ်ပြန်လို့ရတယ်။ ကျွန်တော်တို့က မြေပုံကိုင်ပြီး လုပ်ဆောင်နေချိန် အိမ်နီးချင်းနိုင်ငံတွေမှာ ဂြိုဟ်တုနဲ့ ချိတ်ဆက်လုပ်ဆောင်နေကြပြီ။ ဒေတာတွေ၊ မြေပုံနဲ့ ဆော့ဖ်ဝဲတွေ ချိတ်ဆက်လုပ်ဆောင်နေကြတာ၊ နည်းပညာဖွံ့ဖြိုးတိုးတက်ဖို့ ကျွမ်းကျင်ပညာရှင်တွေ လိုအပ်မယ်၊ နိုင်ငံတကာနဲ့ချိတ်ဆက်ပြီးလုပ်ဆောင်နိုင်ဖို့ ပညာသင်တွေလည်း လိုမယ်"ဟု အဆိုပါကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်လင်းက ပြောကြားသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးကျောင်းကို မြန်မာနိုင်ငံတွင် တစ်ကျောင်းတည်းသာ ဖွင့်လှစ်ထားရှိပြီး အခြေခံမြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းများ၊ တန်းမြင့်သင်တန်းများ၊ အရာရှိ မြေတိုင်းတာခြင်းသင်တန်းများကို သင်ကြားလျက်ရှိကာ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ နှစ်ပတ်ကြာ သင်ကြားခဲ့သော GIS and Database သင်တန်း၏ သင်တန်းဆင်းပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ မြေယာတိုင်းတာရာတွင် GIS နည်းပညာ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် တိုင်းပြည်၏ မြေယာကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် နည်းပညာနှင့် ကျွမ်းကျင်မှုလိုအပ်ချက်ကို ဖြည့်ဆည်းရန် ဆောင်ရွက်နေကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

## တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အစိုးရအာမခံချက်များ၊ ကတိကဝတ်များ၊ တာဝန်ခံချက်များနှင့် ပြည်သူများ၏ တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီနှင့် တွေ့ဆုံပွဲကျင်းပ

**မြိတ် ဒီဇင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အစိုးရအာမခံချက်များ၊ ကတိကဝတ်များ၊ တာဝန်ခံချက်များနှင့် ပြည်သူများ၏ တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၀ ရက်က မြိတ်မြို့ ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ထူးနေအောင်က ကော်မတီ၏ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက မိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် မြိတ်မြို့တွင် လုပ်ကိုင်နေသည့် ငါးအမှုန့်ကြိတ်စက်ရုံများ အနံ့ဆိုးပျံ့နှံ့မှုမရှိစေရေး စီစဉ်ဆောင်ရွက်ရန်လိုအပ်မှုများ၊ ငါးအမှုန့်ကြိတ်စက်ရုံများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး၊ ငါးအမှုန့်ကြိတ်ရာတွင် ထင်းအစားထိုး လောင်စာကို သုံးစွဲရေး၊ ယခုအခါ ငါးအမှုန့်ကြိတ်စက်ရုံများမှာ ဒီရေတောထိန်းသိမ်းရေးကြောင့် ဒီရေတောများ ခုတ်ခွင့်မရသဖြင့် ကျေးရွာများတွင် တောင်သူများထံမှ ရော်ဘာပင်များကို လိုက်လံဝယ်ယူကာ ငါးအမှုန့်ကြိတ်ရာတွင် ထင်းအဖြစ် အသုံးပြုနေခြင်းကို စနစ်တကျ စစ်ဆေးကြပ်မတ်ရန် လိုအပ်မှုများကို ဒေသခံပြည်သူများ၊ (၈၈) ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ တာဝန်ခံများက ဝိုင်းဝန်းဆွေးနွေး တင်ပြကြသည်။ ထို့နောက် သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ ထပ်ဆင့်ဆွေးနွေး တင်ပြကြကြောင်း သိရသည်။ **ဇော်မျိုးနိုင် (ပြန်/ဆက်)**

## ခွာနာ၊ လျှာနာကာကွယ်ဆေးများ မြင်းမူမြို့နယ်တွင် ထိုးနှံပေးလျက်ရှိ

**မြင်းမူ ဒီဇင်ဘာ ၁၂** ပဉ္စမအကြိမ်အဖြစ် ခွာနာ၊ လျှာနာကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို မြင်းမူမြို့နယ်အတွင်းရှိကျေးရွာများသို့ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒီဇင်ဘာ ၃ ရက်မှ စတင်ကာ ကွင်းဆင်းထိုးနှံပေးလျက်ရှိသည်။

ယခုနှစ်တွင် ဆေးထိုးရန် ကျေးရွာပေါင်း ၇၈ ရွာရှိကြောင်း၊ ယနေ့အချိန်အထိ ကျေးရွာ ၅၀ မှ နွားပိုင်ရှင် ၂၆၆၄ ဦးထံရှိ နွားကောင်ရေ ၉၆၁၆ ကောင်ကို ခွာနာ၊ လျှာနာဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **အောင်စိုးဇေ (မြင်းမူ)**

## ပြင်ဆင် ဖတ်ရှုပေးပါရန်

၁၁-၁၂-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂ တွင် ပါရှိသည့် "ဆယ်စုနှစ်အတွင်း အပြင်းထန်ဆုံးဖြစ်မယ့် ဒေဝနဲ့ထွန်းထွန်းမင်းတို့ရဲ့မြန်မာ့ရိုးရာလက်ဝှေ့ မြန်မာပြည်ချန်ပီယံလုပွဲကြီး လားရာ" သတင်းဆောင်းပါး၏ ကော်လံ ၆ နောက်ဆုံးစာပိုဒ်တွင် **ဂျူတီအဖွဲ့၊ ဂျူတီဒိုင်** စသည်ဖြင့် ဖော်ပြပါရှိခဲ့ရာ **ဂျူရီအဖွဲ့၊ ဂျူရီဒိုင်**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **စာတည်းအဖွဲ့**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများအတွက်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၈ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၁-၂၀၁၉ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**
ဖုန်း-၀၅၂-၂၂၂၁၂၁၇၊ ၀၅၂-၂၂၃၀၅၅၄

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ပဲခူးမြို့ပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**FDA အသိအမှတ်ပြု**
(က) ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်နှင့်ဆေးပစ္စည်းများ
(ဃ) ဆေးရုံးသုံးပစ္စည်းများ (Consumable)

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၈ ရက်(အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၁-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေး ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးမြို့၊ ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ပဲခူးမြို့၊ ပြည်သူ့ဆေးရုံကြီး**
ဖုန်း-၀၅၂-၂၃၂၀၁

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**တောင်ငူမြို့ပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တောင်ငူမြို့၊ အထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**FDA အသိအမှတ်ပြု**
(က) ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ (Consumable)

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၈ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၁-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေး၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တောင်ငူမြို့၊ ပြည်သူ့ဆေးရုံအုပ်ကြီးရုံးသို့ နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တောင်ငူမြို့၊ ပြည်သူ့ဆေးရုံကြီး**
ဖုန်း-၀၅၄-၂၄၁၂၈၊ ၂၅၉၀၆

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ပြည်မြို့ပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**FDA အသိအမှတ်ပြု**
(က) ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ (Consumable)

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၈ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၁-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေး၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်မြို့၊ ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်မြို့၊ ပြည်သူ့ဆေးရုံကြီး**
ဖုန်း-၀၅၃-၂၇၃၅၀

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ပဲခူးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနလက်အောက်ရှိ ခုတင်၁၀၀ဆံ့ဆေးရုံများ၊ ခုတင် ၅၀ဆံ့ဆေးရုံများ၊ ၂၅ ခုတင်ဆံ့ဆေးရုံများနှင့် ၁၆ ခုတင်ဆံ့ ဆေးရုံများတွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သည့်အောက်ဖော်ပြပါ အမျိုးအစားတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**FDA အသိအမှတ်ပြု**
(က) ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ (Consumable)

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်** - ၁၁-၁၂-၂၀၁၈ရက် နံနက်၉း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၁-၂၀၁၉ရက် ညနေ ၄း၀၀နာရီ
**တင်ဒါပုံစံများရောင်းချမည့်နေရာ** - ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံး၊ ပဲခူးမြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး၊ ပဲခူးမြို့သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ပဲခူးမြို့၊**
ဖုန်း-၀၅၂-၂၂၀၁၇၃၉၊ ၀၅၂-၂၂၀၁၇၅၉

---

**တိုင်းဒေသကြီးအစိုးရအဖွဲ့**
**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင်ဆောင်ရွက်မည့် ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ RCC (၃)ထပ် သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ မိလ္လာအပါအဝင်ဆောက်လုပ်ခြင်း ၁၂၀၀၀ စတုရန်းပေ (၁၀၀'×၄၀'×၃၆')လုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၈ရက် (အင်္ဂါနေ့)

၃။ **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၁၁-၁-၂၀၁၈ရက်(သောကြာနေ့)

၄။ **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အမှတ်(၆)ရပ်ကွက်၊ ဘန့်ဘွေးကုန်းလမ်း၊ ပုသိမ်မြို့

၅။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများသည် မိမိတင်သွင်းမည့် Technical Proposal များကို ၂၇-၁၂-၂၀၁၈ရက်တွင် နောက်ဆုံးထား၍ ရုံးချိန်အတွင်း တင်သွင်းရမည်။

၆။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၁၀၆၁ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သူနာပြုတက္ကသိုလ်၊ ရန်ကုန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ရုံးသုံးစက်ပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများ၊ ရုံးသုံးပရိဘောဂများ၊ E-Library လုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း၊ ဆောင်ရွက်လိုခြင်းပြုလုပ်လိုပါသဖြင့် ရောင်းဝယ်သည့်ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်သူများထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်ကိုသူနာပြုတက္ကသိုလ်၊ ရန်ကုန်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်း-၂၂၂၈၈၃၊ ၂၂၂၈၈၄၊ ၂၂၂၈၈၅ တို့သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၈ရက် (ရုံးချိန်အတွင်း)

၄။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၄-၁-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၄း၃၀နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီအဖွဲ့**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)ရှိ တာယာအဟောင်း (ဆိုဒ်စုံ) (၂၀၆)လုံး၊ ဘက်ထရီအဟောင်း (၇၈)လုံးနှင့် သံထည်ပစ္စည်း (၃၅) မျိုး စုစုပေါင်းတန်ချိန် ၁၀၀ဒသမ၂၉တန်တို့အား မျက်မြင်အခြေအနေအတိုင်း တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** - ၂၇-၁၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂း၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်၄၄၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၇-၁၂-၂၀၁၈ရက် (ကြာသပတေးနေ့)၊ မွန်းလွဲ ၂း၀၀နာရီ

၄။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website (www.moee.gov.mm) တွင် ၁၃-၁၂-၂၀၁၈ရက်မှစ၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးချုပ် ဖုန်း-၀၉-၂၅၄၂၂၉၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## ၂၀၁၉ခုနှစ် (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော် လေလံနှင့် ဈေးဆိုင်ခန်းများရောင်းချရန်အတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၀ရက်မှ ဇန်နဝါရီ ၁၉ ရက်အထိ ၁၀ရက်တိုင်တိုင် လွိုင်ကော်မြို့၊ ကန္တရဝတီပွဲတော်ကွင်းတွင် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ကယားပြည်နယ်နေ့ပွဲတော်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲများ၊ နိုင်ငံကျော်အနုပညာရှင်များစွာပါဝင်သည့် စတိတ်ရှိုးပွဲ၊ အငြိမ့်ပွဲ၊ အလှမယ်ပြိုင်ပွဲများ၊ ဇာတ်သဘင်ပွဲများ၊ စက်ဘီးစီးပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲနှင့် အခြားအားကစားနည်းမျိုးစုံပြိုင်ပွဲမျိုးစုံထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

၃။ ဆိုင်ခန်းများဆောက်လုပ်ခြင်း တင်ဒါ၊ လေလံနှင့်ဆိုင်ခန်းရောင်းချခြင်းများအတွက် လျှောက်လွှာရောင်းချခြင်းနှင့် ပြန်လည်တင်သွင်းခြင်းအား ကယားပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ လွိုင်ကော်မြို့တွင် ရုံးချိန် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | လျှောက်လွှာ ရောင်းချမည့်ရက် | လျှောက်လွှာ ပိတ်မည့်ရက် | မှတ်ချက် (ရုံးချိန်အတွင်း) |
|---|---|---|---|---|
| (က) | ဆိုင်ခန်းများဆောက်လုပ်ခြင်း လျှောက်လွှာ | ၁၃-၁၂-၂၀၁၈ | ၁၈-၁၂-၂၀၁၈ | နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီထိ |
| (ခ) | ပျော်ပွဲ၊ ရှင်ပွဲ၊ ပုံကျ၊ အိမ်သာ၊ ဈေးပွဲတော်၊ ယာဉ်ရပ်နားရာနေရာ | ၁၃-၁၂-၂၀၁၈ | ၁၈-၁၂-၂၀၁၈ | နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီထိ |
| (ဂ) | ဆိုင်ခန်းရောင်းချခြင်းအတွက် လျှောက်လွှာ | ၁၃-၁၂-၂၀၁၈ | ၂၃-၁၂-၂၀၁၈ | နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီထိ |

၄။ ပွဲတော်ဈေးဆိုင်ခန်းများရောင်းချခြင်းကို ယခင်၂၀၁၈ခုနှစ် (၆၆)နှစ်မြောက် ကယားပြည်နေ့အထိမ်းအမှတ်ပွဲတော်တွင် ရောင်းချခဲ့သည့်သူများအား ဦးစားပေးရောင်းချသွားမည်ဖြစ်ပါသည်။ ယခင်နှစ်ရောင်းချခဲ့သူများအနေဖြင့် ဆိုင်ခန်းဝယ်ယူခဲ့သည့် အထောက်အထားနှင့် ဆိုင်ခန်းသက်သေခံလက်မှတ်ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်သည်။

၅။ ယခင်နှစ် ရောင်းချခဲ့သူများအနေဖြင့် သတ်မှတ်ရက်အတွင်း အချိန်မီလာရောက်လျှောက်ထားရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ထည့်သွင်းစဉ်းစားပေးမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက ဆိုင်ခန်းနေရာချထားရေး၊ စစ်ဆေးရေးနှင့်သန့်ရှင်းရေးဆပ်ကော်မတီ ဖုန်း-၀၈၃-၂၂၂၄၀၂၁၊ ၀၈၃-၂၂၂၂၉၄၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကယားပြည်နယ်နေ့အခမ်းအနားကျင်းပရေးကော်မတီ**

---

**တိုင်းဒေသကြီးအစိုးရအဖွဲ့**
**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း (၃၈၇)ကျောင်းတွင် ကျောင်းဆောင်သစ်များဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၁၈ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်** - ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့)
**တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးပညာရေးမှူးရုံး၊ မဟာဗန္ဓုလလမ်း၊ ပုသိမ်မြို့

၃။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများသည် မိမိတင်သွင်းလိုသော Lotအတွက် Technical Proposal များကို ၂၇-၁၂-၂၀၁၈ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး ဖုန်း-၀၄၂-၂၃၈၇၂သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သူနာပြုတက္ကသိုလ်၊ ရန်ကုန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပြုပြင်/မွမ်းမံခြင်းလုပ်ငန်းများအတွက် တရားဝင်အသိအမှတ်ပြုလိုင်စင်ရအဖွဲ့အစည်း/ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ တင်ဒါခေါ်ယူမည့် လုပ်ငန်းများ

(၁) တိုက် (၁)၊ အခန်း (၁) (၂) ဆေးသုတ်ခြင်း၊ အကြီးစားမွမ်းမံခြင်း (၅၇'×၃၄'×၂၀') အုတ်ညှပ်သစ်သား နှစ်ထပ်ဆောင်
(၂) ပင်မစာသင်ဆောင်ရှိ ဒိုင်းများအစားထိုး၍ အလူမီနီယမ်သွပ်လဲလှယ်ခြင်းနှင့် အထွေထွေပြုပြင်မွမ်းမံခြင်း (၁၀၀'×၈၀'×၂၀') RC နှစ်ထပ်ဆောင်
(၃) အစည်းအဝေးခန်းမကြီး အကြီးစားမွမ်းမံခြင်း (၁၄၉'×၁၃၆'×၂၅') RC တစ်ထပ်ဆောင်
(၄) တိုးချဲ့လေးထပ်ဆောင်အကြီးစားမွမ်းမံခြင်း (၂၀၂'×၄၇'×၄၀') RC လေးထပ်ဆောင်

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၈ရက် (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၄း၃၀နာရီ

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်း-၂၂၂၈၈၃၊ ၂၂၂၈၈၄၊ ၂၂၂၈၈၅တို့သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီအဖွဲ့**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၃၂၂၅၂ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်လင်းအောင် ၉/ဒခသ(နိုင်)၀၀၃၂၈၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ နေပြည်တော်**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်ကြားမင်းနိုင် (ဘ) ဦးညိုတင် ၉/တကန(နိုင်)၁၈၇၄၆၉ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၂၃၄၄၇၆၆**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဝင်းစိုး (ဘ) ဦးအောင်ကျော် ၉/လဝန(နိုင်)၁၂၄၄၉၀၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၄၀၆၅၁၈၉**

---

## ပျောက်ဆုံးကြောင်း

ကျွန်မ အေးအေးဝင်း (ဘ)ဦးကျော်ဝင်း ၉/တကန(နိုင်)၁၆၂၈၉၀၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၁၁၉၀၀၈**

---

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းထွေး ၁၃/မစန(နိုင်)၀၀၂၀၂၃၏ Passport No(MB483245) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၂၄၇၉၂၈**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် SHN/3006 Honda PCX 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွဋ်အောင် ၁၃/မခန(နိုင်)၀၁၀၃၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေကူမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်(၂၆/၁)၊ မြေဧရိယာ ၀ ဒသမ ၁၁၃၅ဧကရှိ ဦးသိန်းလှိုင် အမည်ပေါက်ကို ဦးနော်ဘောက် ၁/ရကန(နိုင်) ၀၈၁၆၈၁က ဧရိယာ ၀ဒသမ၀၆၇ ဧကနှင့် ဒေါ်သင်းသင်းဦး ၁/ရကန (နိုင်)၀၃၀၆၄၀က ဧရိယာ ၀ ဒသမ ၀၆၈ဧကကို ဦးပိုင်ခွဲအမည်ပြောင်းမြေငှားဂရန်ပြုလုပ်မည်ဖြစ်ပါ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနမှ (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် ရုံးသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနှင့် အရပ်ရပ်သုံးပစ္စည်းများ ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းဝယ်သည့် ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်သူများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် စက်ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ် ၄၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၃၄၁၁၂၃၃၊ ၀၆၇-၃၄၁၁၁၄၈တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာစတင်** - ၁၇-၁၂-၂၀၁၈ရက်
**ရောင်းချမည့်ရက်/အချိန်** နံနက် ၀၉း၃၀နာရီ

၄။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၁-၂၀၁၉ရက် ညနေ ၄း၀၀နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**စိတ်ကျန်းမာရေးဆေးရုံကြီး-မန္တလေး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ဖိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၁၇-၁၂-၂၀၁၈ရက်
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၁-၂၀၁၉ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၅၉၄၇၆၁၈၅၊ ၀၉-၉၆၂၀၅၈၄၄၃**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနကုသရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ်များတွင် ကျန်းမာရေးဌာန/ဌာနခွဲအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအား ဆောင်ရွက်လိုသော လိုင်စင်ရဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၃။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၄-၁၂-၂၀၁၈
တင်ဒါပိတ်မည့်ရက် - ၁၄-၁-၂၀၁၉
တင်ဒါပိတ်မည့်အချိန် - ၄း၃၀နာရီ
ဆက်သွယ်ရမည့်ဖုန်း - ၀၅၇-၂၁၁၉၅၊ ၀၅၇-၂၁၉၈၆

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန**
**မွန်ပြည်နယ်**

---

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**မန္တလေးတိုင်းဒေသကြီးဗဟိုစာရင်းအင်းအဖွဲ့ရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးဗဟိုစာရင်းအင်းအဖွဲ့ရုံး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်(ဒဒ-၁)၊ ဦးပိုင်(၂)၊ ၆၅ လမ်း၊ ဗန္ဓုလလမ်းနှင့် အေးမေတ္တာလမ်းကြားတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် တိုင်းဒေသကြီးဗဟိုစာရင်းအင်းအဖွဲ့ရုံး အဆောက်အအုံ RCငါးထပ် (ပေ၄၀×ပေ ၅၀) ဆောက်လုပ်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ရေ၊ မီး၊ မိလ္လာလုပ်ငန်းများ အပါအဝင်နှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၃-၁၂-၂၀၁၈ရက်
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၂-၁-၂၀၁၉ရက်
(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေရာ** - ဓ-၅၊၇၂/၁၆၂လမ်း၊သဇင်လမ်း နှင့်ကံ့ကော်လမ်းကြား၊ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့ရုံး
(ဃ) **တင်ဒါလျှောက်လွှာဖွင့်မည့်နေရာ** - မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ
(င) **တင်ဒါဖွင့်လှစ်မည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာများကို မန္တလေးတိုင်းဒေသကြီးဗဟိုစာရင်းအင်းအဖွဲ့ရုံးတွင် နံနက် ၉း၃၀နာရီမှညနေ၄း၃၀နာရီအထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မန္တလေးတိုင်းဒေသကြီးဗဟိုစာရင်းအင်းအဖွဲ့ရုံး ဖုန်း-၀၂-၈၂၁၅၂၊ ၀၉-၇၉၀၄၀၈၄၁၉ များသို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်နယ်ကုသရေးဦးစီးဌာန**
**မွန်ပြည်နယ်**

## အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ် ကုသရေးဦးစီးဌာနရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၁၂-၂၀၁၈
**တင်ဒါပိတ်မည့်ရက်** - ၁၄-၁-၂၀၁၉
**တင်ဒါပိတ်မည့်အချိန်** - ၄း၃၀နာရီ
**ဆက်သွယ်ရမည့် ဖုန်း** - ၀၅၇-၂၀၂၄၈၁၃၊ ၀၅၇-၂၀၂၁၉၈၆၊ ၀၅၇-၂၀၂၇၃၆၄၊ ၀၅၇-၂၀၂၇၃၀၈

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ပြည်နယ်ကုသရေးဦးစီးဌာန၊ မွန်ပြည်နယ်**

---

**ထားဝယ်တက္ကသိုလ်**

## (၁၇)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကြေညာချက်

ထားဝယ်တက္ကသိုလ်မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ၂၀၁၈ ခုနှစ် မတ်လနှင့် စက်တင်ဘာလတွင်ကျင်းပခဲ့သော စတုတ္ထနှစ် (၂၀၁၄)၊ ပဉ္စမနှစ် (ဥပဒေ) (၂၀၁၃)၊ တ-ဂုဏ်ထူးတန်း (၂၀၁၃)၊ မဟာဒုတိယနှစ် (၂၀၁၀)၊ မဟာဒုတိယနှစ် (၂၀၁၁)၊ မဟာသုတေသန(၂၀၁၀)စာမေးပွဲများ ဖြေဆိုအောင်မြင်ပြီးသူများသည် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြသည်။

**ဘွဲ့နှင်းသဘင်ကြေး** - ၁၅၀၀ ကျပ်
**အဝေးရောက်ဘွဲ့ကြေး** - ၁၀၀၀ ကျပ်
**လျှောက်လွှာလက်ခံမည့်ရက်** - ၁၇-၁၂-၂၀၁၈ရက်မှ ၁၁-၁-၂၀၁၉ရက်

**မှတ်ချက်** (၁) လျှောက်ထားသူများသည် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂×၁½)လက်မအရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ လျှောက်ထားရမည်။
(၂) အခြားသောပညာသင်နှစ်များတွင် ဘွဲ့စာမေးပွဲအောင်မြင်ခဲ့သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
(၃) ဘွဲ့နှင်းသဘင်လျှောက်လွှာကို ကိုယ်တိုင်လာရောက်တင်သွင်းသူများသည် နိုင်ငံသားစိစစ်ရေးကတ်နှင့်ကျောင်းသားမှတ်ပုံတင်ကတ်ပြားတို့ကိုတင်ပြ၍ ထားဝယ်တက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် တင်ပြလျှောက်ထားရမည်။
(၄) ဘွဲ့ကြေးများကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ထားဝယ်တက္ကသိုလ် ငွေလက်ခံဌာနသို့ပေးသွင်းနိုင်ပါသည်။
(၅) ထားဝယ်မြို့နယ်မှ စာတိုက်ငွေပို့လွှာဖြင့် ဘွဲ့နှင်းသဘင်ကြေးပေးသွင်းခြင်းကို လုံးဝခွင့်မပြုပါ။
(၆) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal MoneyOrder) ဖြင့်ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်းဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ စာမေးပွဲအောင်မြင်သည့်ခုနှစ် စသည်များကို တိကျစွာဖော်ပြရမည်။
(၇) အသေးစိတ်အချက်အလက်များကို ထားဝယ်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန ဒေါ်ခင်သီတာအေး လ/ထမော်ကွန်းထိန်း ဖုန်း-၀၉-၄၄၉၀၁၅၅၁၈ တွင်စုံစမ်းနိုင်ပါသည်။

**(၁၇)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အစီအစဉ်**

**ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ရက်(နံနက်ပိုင်း)** - ၁-၂-၂၀၁၉ရက်(သောကြာနေ့) နံနက် ၉း၀၀နာရီ
**(ညနေပိုင်း)** - ၁-၂-၂၀၁၉ရက်(သောကြာနေ့) ညနေ ၃း၀၀နာရီ
**ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်(နံနက်ပိုင်း)** - ၃-၂-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ
**(ညနေပိုင်း)** - ၃-၂-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၃း၀၀နာရီ

**(ခင်သီတာအေး)**
**လ/ထမော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ထားဝယ်တက္ကသိုလ်**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၁၂-၂၀၁၈ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၀**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**မိတ္ထီလာတက္ကသိုလ်**

## (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့် ကျင်းပမည့်ရက် ကြေညာခြင်း

၁။ မိတ္ထီလာတက္ကသိုလ်က ကြီးမှူးကျင်းပသည့် ၂၀၁၇-၂၀၁၈ပညာသင်နှစ်အတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင်ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့စာမေးပွဲများနှင့် ၂၀၁၈ခုနှစ် မတ်လတွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာသုတေသန ဘွဲ့သင်တန်းများကို အောင်မြင်ခဲ့သူများသည် မိတ္ထီလာတက္ကသိုလ်(၁၇)ကြိမ်မြောက်ဘွဲ့နှင်းသဘင် တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ လျှောက်ထားနိုင်သည်။

**'ဘွဲ့နှင်းသဘင်ကြေး'**

**တက်ရောက်ဘွဲ့ကြေး** - ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
**အဝေးရောက်ဘွဲ့ကြေး** - ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)
**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၁၀-၁၂-၂၀၁၈ရက်မှ၈-၁-၂၀၁၉ရက်ထိ
**ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** - ၁၉-၁-၂၀၁၉ရက်မှ ၂၀-၁-၂၀၁၉ရက်ထိ
**အစမ်းလေ့ကျင့်မည့်ရက်** - ၁၈-၁-၂၀၁၉ရက်

၂။ သတ်မှတ်လျှောက်လွှာပုံစံများကို စာမေးပွဲနှင့်ဘွဲ့နှင်းဌာနခွဲတွင် ရယူဖြည့်စွက်ပြီး လွန်ခဲ့သော(၃)လအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော (၂"×၁½")အရွယ် ဓာတ်ပုံ(၃)ပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးများကို မိတ္ထီလာတက္ကသိုလ်၊ ငွေလက်ခံရာဌာနတွင် ပေးသွင်းရမည်။

၄။ ရပ်ဝေးမှတင်သွင်းသူများသည် သတ်မှတ်ကြေးများကို စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့်ပေးပို့နိုင်သည်။

၅။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့ အတွက် လျှောက်ထားနိုင်သည်။

၆။ အစမ်းလေ့ကျင့်ခြင်းနှင့်ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမရှိပါက ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၇။ အသေးစိတ်အချက်အလက်များကို စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ မော်ကွန်းထိန်း ဖုန်း-၀၉-၂၅၈၈၃၂၀၉၂သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အမာရင်**
**မော်ကွန်းထိန်း၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**မိတ္ထီလာတက္ကသိုလ်**

---

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အထက(မဲဇာ)နဝမတန်း (A) မှ မောင်ထူးဝေယံအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁-၂၀၀၄ ဖြစ်ပါကြောင်း။

**မောင်ထူးဝေယံအောင်**

---

## ပျောက်ဆုံးကြောင်း

ကျွန်မ မရှောက်စူး ၁၃/လရန (နိုင်)၁၁၉၄၂၀၏ Passport No(မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၁၄၉၉၄၈၄**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၇ယ/၇၆၈၈၀ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအုတ်ဆွတ် ၁၃/ကတန(နိုင်)၁၆၇၅၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး၊(ကျိုင်းတုံ)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၈၂၃၉၀ ဟွန်ဒါဝေ့(ဖ်) 110s ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၈၀၀၀ ဟွန်ဒါဒရင်း ND 125 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းနိုင် ၆/ရဖန(နိုင်)၀၄၇၆၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၅၇၀၁၉ Honda Wave NF 125 M ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဖေ ၆/ထဝန(နိုင်)၀၅၄၂၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၈၃၄၃၉ ဟွန်ဒါဒရိမ်း ND 125M M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်းဦး ၆/သရခ(နိုင်)၀၄၉၇၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

---

## မြန်မာ့ဆက်သွယ်ရေးကွန်ယက်အများပိုင်ကုမ္ပဏီလီမိတက်

### ပဉ္စမအကြိမ်မြောက် ရှယ်ယာရှင်များ နှစ်ပတ်လည်အထွေထွေအစည်းအဝေး

### ဖိတ်ကြားလွှာ

မြန်မာ့ဆက်သွယ်ရေးကွန်ယက်အများပိုင်ကုမ္ပဏီလီမိတက်၏ (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်အတွက် ပဉ္စမအကြိမ်မြောက် ရှယ်ယာရှင်များနှစ်ပတ်လည်အထွေထွေအစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ အစည်းအဝေးသို့ ဖိတ်စာနှင့်တကွကြွရောက် ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ရှယ်ယာရှင်များအားလုံးထံသို့ စာတိုက်မှတစ်ဆင့် ဖိတ်စာများ ပေးပို့မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၅-၁၂-၂၀၁၈ (စနေနေ့)
ကျင်းပမည့်အချိန် - နံနက်(၁၀:၃၀)နာရီမှ (၁၂:၃၀) နာရီထိ
ကျင်းပမည့်နေရာ - ဇဗ္ဗူရစ်ရွှေဇင်ခန်းမ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ရန်ကင်းစင်တာအနောက်ဖက်၊ စက်မှု(၁)လမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။

မြန်မာ့ဆက်သွယ်ရေးအများပိုင်ကုမ္ပဏီလီမိတက်

# မြန်မာနိုင်ငံတွင် ကလေးဦးရေ ၁၂ သန်းကျော်ရှိရာတွင် ကလေးအလုပ်သမား ၁ ဒသမ ၁ သန်းကျော်ရှိ

## ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသား ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ရုံးအမှတ်(၅၁) အစည်း အဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေး ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ က နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဖွံ့ဖြိုး တိုးတက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်စေရန် ဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း တစ်နိုင်ငံလုံး

စာမျက်နှာ ၅ ကော်လံ ၁ ✻




ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## စစ်ရေးပဋိပက္ခနှင့် နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ဖြေရှင်းရန်ဆန္ဒရှိကြောင်း ထုတ်ပြန်သည့်ကြေညာချက်အား ငြိမ်းချမ်းရေးကော်မရှင်က လှိုက်လှဲစွာကြိုဆိုထောက်ခံ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ငြိမ်းချမ်းရေးကော်မရှင်**
**ထုတ်ပြန်ကြေညာချက်**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အပြုသဘောဆောင်သည့် ကြိုးပမ်းမှုကို မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ/မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNTJP/ MNDAA)၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး/တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA)၊ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင့်တပ်မတော်(ULA/AA) တို့အနေဖြင့် ကြိုဆိုထောက်ခံကြောင်း၊ စစ်ရေးပဋိပက္ခနှင့် နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ဖြေရှင်းရန်ဆန္ဒရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်အား ငြိမ်းချမ်းရေးကော်မရှင်က လှိုက်လှဲစွာကြိုဆိုထောက်ခံပါသည်။

၂။ ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံး ပါဝင်လာနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နှစ်ဖက်ယုံကြည်မှု တည်ဆောက်နိုင်ရန်အတွက် ယခု ကြေညာချက်ထုတ်ပြန်သည့် အဖွဲ့(၃) ဖွဲ့ဖြစ်သော TNLA, AA, MNDAA တို့နှင့် နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် (Bilateral Ceasefire Agreement) ရရှိရေးကိစ္စနှင့် နိုင်ငံရေးနည်းလမ်းအရ ဆွေးနွေးနိုင်ရေးကိစ္စများကို ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

စာမျက်နှာ ၅ ကော်လံ ၅ ✻

